Voice of Burma

*Published by Voice of Burma Information GroupIssue No. 741, DECEMBER 20, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

# အသက်အရွယ်ကြီး ပါတီခေါင်းဆောင်များကို ဒေါ်အောင်ဆန်းစုကြည် ဂါဝရပြု

**VOA၊ ဒီဇင်ဘာ ၁၆ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ ဥက္ကဋ္ဌဦးအောင်ရွှေအပါအဝင် ဗဟိုအလုပ်အမှုဆောင် ၃ ဦးကို ဗုဒ္ဓဟူးနေ့မှာ တွေ့ဆုံဂါဝရပြုခွင့်ရခဲ့ပါတယ်။

ဒီလိုတွေ့ဆုံရာမှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းဖို့ ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုခဲ့သလို လူကြီး ၃ ဦးကလည်း သဘောတူခဲ့တဲ့အပြင် NLD CEC တွေကရော CRPP ကပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးနဲ့ NLD အရေးကိစ္စဆောင်ရွက်မှုတွေကို ထောက်ခံကြောင်း အားပေးစကားပြောကြားခဲ့တယ်လို့ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောကာပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို နိုဝင်ဘာလ ၁၁ ရက်နေ့က ရေးသားပေးပို့တဲ့စာထဲမှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ NLD ပါတီဥက္ကဋ္ဌဦးအောင်ရွှေ၊ ပါတီအတွင်းရေးမှူးဦးလွင်နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့ကို တွေ့ဆုံခွင့်ပေးဖို့ တောင်းဆိုခဲ့တဲ့အပြင် NLD ပါတီက ခေါင်းဆောင်အားလုံးပါဝင်တဲ့ ပုံမှန်အစည်းအဝေးတွေ ကျင်းပနိုင်ခွင့်ရဖို့လည်း တောင်းဆိုခဲ့ပါတယ်။ ဗုဒ္ဓဟူးနေ့မှာတော့ နိုင်ငံတော်အစိုးရ ဧည့်ဂေဟာမှာ လူကြီး ၃ ဦးနဲ့တွေ့ခွင့်ရခဲ့တယ်လို့ NLD ပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောပြပါတယ်။

"အန်ကယ်ဦးအောင်ရွှေ၊ ဦးလွင်ရယ် အန်ကယ်ဦးလွန်းတင်ရယ် ၂ ဦးပါ။ စောစောပိုင်းက ကျနော် အန်ကယ်ဦးလွန်းတင်နဲ့စကားပြောနေတယ်၊ သူပြောပြတာတွေပေ့ါ။ အဓိကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံရေး၊ NLD အရေးကိစ္စတွေ ဆောင်ရွက်တဲ့နေရာမှာ နောက်ဆံမတင်းနဲ့၊ NLD CEC ရော၊ CRPP ရော လုံးဝ ဒေါ်အောင်ဆန်းစုကြည်အတွက် ထောက်ခံနေတယ်ဆိုတာ သူ့ကို အားပေးတဲ့စကားတွေ ပြောလာခဲ့တယ်၊ ကျန်တာတော့ ကျန်းမာရေး သာရေးနာရေးက များပါတယ်။ နိုင်ငံရေးအရတော့ ဒေါ်အောင်ဆန်းစုကြည် ဆောက်ရွက်ချက်တွေကို ထောက်ခံကြောင်း လူကြီးတွေက ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေနဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်ဖွဲ့ဖို့ပါ သဘောတူခဲ့တဲ့အတွက် ဒါဟာ NLD ပါတီကလူငယ် မျိုးဆက်သစ်တွေပါဝင်ဆောက်ရွက်ခွင့် ရလာတော့မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာဟာ ရှေ့နှစ် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ပြင်ဆင်တာမျိုး ဟုတ်မဟုတ်မေးကြည့်တဲ့အခါ ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

"ရွေးကောက်ပွဲကိစ္စ အန်ကယ်တို့က အဖွဲ့ချုပ်အနေနဲ့ရော ဒေါ်အောင်ဆန်းစုကြည်ရော၊ ဥက္ကဋ္ဌရော အားလုံးတသဘောတည်းရှိတာက အခုအချိန်မှာ ဒါ ဘာမှ စဉ်းစားစရာမလိုဘူး၊ ကျနော်တို့က ရွေးကောက်ပွဲဥပဒေတို့ ကော်မရှင်ဥပဒေတို့ ဒါတွေကိုကြည့်ရဦးမယ်၊ ဒီဟာတွေ ဘာပါမှန်းမသိဘဲနဲ့ အန်ကယ်တို့ ရွေးကောက်ပွဲဆိုင်ရာ ပြောကြားချက်ကို ပြောမှမဟုတ်ဘူး။"

ဒေါ်အောင်ဆန်းစုကြည်ဟာ အသက် ၉၃ နှစ်ရှိပြီဖြစ်တဲ့ ပါတီဥက္ကဋ္ဌဦးအောင်ရွှေ၊ အသက် ၈၅ နှစ်အရွယ် ပါတီအတွင်းရေးမှူးဦးလွင်နဲ့ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အသက် ၈၈ နှစ်ရှိပြီဖြစ်တဲ့ ဦးလွန်းတင်တို့နဲ့ ၄၅ မိနစ်ကြာ တွေ့ဆုံခွင့်ရခဲ့တာဖြစ်ပါတယ်။ အခုလို နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်တွေ့ဆုံခွင့်ရခဲ့တဲ့အတွက် နှစ်ဘက်ဝမ်းမြောက်နေတယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒါအပြင် အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ လူကြီးတွေရဲ့ ကျန်းမာရေး အခြေအနေနဲ့ပတ်သက်ပြီး ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

"ကျန်းမာရေး အခြေအနေက အန်ကယ်က သီးခြားထူးထူးခြားခြား ရောဂါတော့မရှိဘူး၊ သို့သော် အသက်အရွယ်ကြောင့် သူက ကိုယ်တိုင်လမ်းမလျှောက်နိုင်တော့ဘူး၊ တွဲတာတောင် မဟုတ်ဘူး၊ ဖက်ပြီးတော့ကို လျှောက်ရတယ်၊ အဲဒီအခြေအနေပါ၊ ဦးအောင်ရွှေလည်း ဒီလိုပေ့ါ၊ အသက်အရွယ်ကြောင့် လှေကားတွေဘာတွေ သိပ်မတက်နိုင်ဘူး၊ အန်ကယ်ဦးလွင်က ခါးရိုးပြားထားတယ်၊ လေကလည်း ဟိုတုန်းကဖြတ်ထားဖူးတော့ သူကလည်း တယောက်တည်း လမ်းလျှောက်လို့မရဘူး။"

"သူတို့ပြောတာကတော့ အခုလို မတွေ့တာကလည်းကြာပြီဖြစ်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ရတာ သူတို့လည်း အရမ်းဝမ်းသာပါတယ်။ အဲလိုပဲ ဒေါ်အောင်ဆန်းစုကြည်လည်း အရမ်းဝမ်းသာကျေနပ်နေတယ်လို့ သူတို့သိရတယ်။ ဒါကို ပြောပြတယ်"။

**ဒေါ်အောင်ဆန်းစုကြည် နှင့် စီအီးစီတွေ ဆုံပွဲ ပြည်တွင်း ပြည်ပ ကြိုဆို** — စာမျက်နှာ ၃

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်ပိုင် ကိုယ်ရံတော်အထူး တပ်ဖွဲ့ ထူထောင်ထား** — စာမျက်နှာ ၅

**စီးပွားရေး နိုဗယ်ဆုရှင်က နေပြည်တော်တွင် မိန့်ခွန်း ပြောရန် ပြင်ဆင်နေ** — စာမျက်နှာ ၁၀

**စက်မှုဇုန်တွင် အလုပ်သမား များ လုပ်အားခတိုးမြှင့်ပေး ရန် ဆန္ဒပြတောင်းဆို** — စာမျက်နှာ ၁၆

**ဘိုကလေးမြို့က ဈေးသည် ၁၅၀ ကျော် လမ်းလျှောက် ပြီး ဆန္ဒထုတ်ဖော်** — စာမျက်နှာ ၁၈

## VOB အာဘော်

# ဟောင်းနွမ်းအိုမင်းမှုတွင် သစ်လွင်ပျိုမြစ်နှင့်အစားထိုးခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဗဟိုအလုပ်မှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းမှုလုပ်မည့်သတင်း ထွက်ပေါ်လာသည်။ ဤသက်အရွယ်ကြီးရင့်၍အလုပ်မလုပ်နိုင်သော ကျန်းမာရေးယိုယွင်းနေပြီဖြစ်သော ခေါင်းဆောင်များနေရာတွင် အလုပ်လုပ်နိုင်သော ၎င်းတို့ထက်ငယ်ရွယ်သောသူများဖြင့် အစားထိုးမည့်သဘောဖြစ်သည်။ ဟောင်းနွမ်းယိုယွင်းနေသောနေရာတွင် အသစ်များဖြင့်အစားထိုးခြင်းသည် ရုပ်ပိုင်းဆိုင်ရာရှုထောင့်ကဘဲကြည့်ကြည့် စိတ်ပိုင်းဆိုင်ရာရှုထောင့်ကဘဲကြည့်ကြည့် အဖွဲ့အစည်းတခုအတွက်၊ လူမှုအသိုင်းအဝိုင်းအတွက် ကောင်းသည့်လက္ခဏာဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လုပ်နိုင်ကိုင်နိုင်ရှိသောသူများ၊ မျိုးဆက်သစ်များကို မြေတောင်မြှောက်ခြင်း၊ မွေးမြူခြင်း၊ အလုပ်တာဝန်ပေးခြင်း၊ အစားထိုးနေရာယူခြင်းများကို လုပ်ဆောင်သင့်သည်မှာကြာမြင့်လှပြီဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ယခုလိုကဲ့သို့ ပြန်လည်ဖွဲ့စည်းလုပ်ဆောင်မည်ဟုဆိုခြင်းသည် ကြိုဆိုရမည့်လုပ်ရပ်ဖြစ်သည်။ စီးဆင်းနေသောရေသည် သန့်ရှင်းသည်ဆိုသည့်သဘောမျိုးပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် သက်ကြီးရွယ်အိုများနေရာတွင် ငယ်ရွယ်သူများနှင့်အစားထိုးခြင်းကို ထိရောက်အောင်မြင်စွာလုပ်ဆောင်နိုင်ရေးသည် ယနေ့အခါတွင် အထူးအရေးတကြီးလိုအပ်သောလုပ်ဆောင်ချက်တခုဖြစ်သည်။ ပြန်လည်ဖွဲ့စည်းခြင်း၊ အစားထိုးခြင်း ဆိုသည်မှာ မိမိတို့၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်စေရန်ဆိုသည့်ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်ကိုသာအစားထိုးခြင်းသာမက လုပ်ငန်းလုပ်ဟန်များ၊ နည်းဗျူဟာကိုလည်း ပြန်လည်မွမ်းမံပြီး တောင့်တင်းခိုင်မာအားကောင်းသည့်အနေအထားသို့ရောက်ရှိ လာစေရန်ပါလုပ်ဆောင်ရန်လိုအပ်သည်။

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တခဲနက်ထောက်ခံအားပေးခဲ့သည်။ ဤအဓိပ္ပာယ်မှာ မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီထွန်းကားရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်ကြိုးပမ်းလျှင် ရရှိလိမ့်မည်ဟု ပြည်သူလူထုက ယုံကြည်၍မဲပေးခဲ့ခြင်းသည်၊ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကြီးမားသောတာဝန်ရှိသည်။ ရွေးကောက်ပွဲပြီးစီးခဲ့သည်မှာ နှစ်ပေါင်း ၂၀ နီးတော့မည်ဖြစ်သည်။ ထိုကာလတလျှောက်လုံးတွင် လူထု၏လိုလားတောင့်တချက်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည်မှာ ငြင်းဆို၍မရသောကိစ္စဖြစ်သည်။ သို့သော် တနိုင်ငံလုံးနှင့်သက်ဆိုင်သောအရေးကိစ္စဖြစ်သည့်အတွက် လူတဦးတယောက် အဖွဲ့အစည်းတခု ပါတီတရပ်ကြောင့်ဖြစ်သည်ဟုဆိုလျှင် မှားယွင်းသောသုံးသပ်ချက်ဖြစ်လိမ့်မည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်ကြိုးပမ်းမှုဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီထွန်းကားလာနိုင်မည်ဟူသောယုံကြည်မှုသည် ခေါင်းဆောင်မှု Leadership ပေးနိုင်မည်ဟူသော ယုံကြည်မှုဖြစ်သည်။

ထို့ကြောင့် အသစ်ပြန်လည်ဖွဲ့စည်းဖြစ်ပေါ်လာဖွယ်ရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် တိုးတက်သော ခိုင်မာသော ထိရောက်သော အားကောင်းသော ဦးဆောင်မှုဖြင့် စစ်မှန်သောဒီမိုကရေစီထွန်းကားရေးအတွက် လူထုကိုဦးဆောင်ကာ လူထုဆန္ဒပြည့်ဝစေရန် နည်းဗျူဟာသစ်များဖြင့် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ရေးသားလိုက်ရပေသည်။

---

# ညီညီကို လွှတ်ပေးဖို့ အမေရိကန်လွှတ်တော်အမတ် ၅၃ ယောက်တို့ကတောင်းဆို

**VOA၊ ဒီဇင်ဘာ ၁၉ ။** ။ အင်းစိန်အကျဉ်းထောင်မှာ ဖမ်းဆီးခံထားရတဲ့ မြန်မာနိုင်ငံဖွား အမေရိကန်နိုင်ငံသား ကိုညီညီအောင် ခေါ် ကိုကျော်ဇော်လွင်ကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ အမေရိကန်လွှတ်တော်အမတ် ၅၃ ယောက်တို့က ဒီဇင်ဘာလ ၁၈ ရက်နေ့စွဲနဲ့ မြန်မာစစ်အုပ်စုကို စာရေးသားတောင်းဆိုလိုက်ပါတယ်။

မြန်မာနဲ့ အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ရှေ့ဆက်တိုးတက်သွားနိုင်ဖို့ရာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရမယ်လို့လည်း ကွန်ဂရက်အဖွဲ့ဝင်တွေက တောင်းဆိုထားပါတယ်။ အမေရိကန်လွှတ်တော်အမတ် Howard Berman နဲ့ Tom Lantos လူ့အခွင့်အရေးကော်မရှင်ရဲ့ ပူးတွဲဥက္ကဋ္ဌ ရီပတ်ဘလီကန်လွှတ်တော်အမတ် Frank Wolf တို့ ဦးဆောင်ပြီး အဓိကပါတီကြီးနှစ်ရပ်စလုံးရဲ့ လွှတ်တော်အမတ်တွေက စာရေးသားတောင်းဆိုလိုက်ကြတာပါ။ အဲဒီစာကို အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာသံရုံးက သံရုံးယာယီတာဝန်ခံ ဦးမြင့်လွင် ကနေတဆင့် မြန်မာစစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်သန်းရွှေဆီကို ပေးပို့ထားပါတယ်။

အမေရိကန်နိုင်ငံသားတယောက်ကို အခုလို ဖမ်းဆီးထိန်းသိမ်းထားတာဟာ မြန်မာစစ်အုပ်စုအနေနဲ့ အမေရိကန်နိုင်ငံနဲ့ဆက်ဆံရေးတိုးတက်ချင်စိတ်မှ ရှိပါရဲ့လားဆိုတဲ့ သံသယ ကွန်ဂရက်လွှတ်တော်အမတ်အဖွဲ့ဝင် အများအပြားမှာဖြစ်လာစေတယ်လို့ စာမှာရေးသားထားပါတယ်၊ ကိုညီညီအောင်ကို ချွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေးပြီး အမေရိကန်ပြည်ထောင်စုကို ပြန်လာခွင့်ပြုဖို့ ဖြစ်နိုင်ခြေရှိသမျှ အပြင်းထန်ဆုံး အသုံးအနှုန်းတွေနဲ့ တိုက်တွန်းလိုက်ပါတယ်လို့ လွှတ်တော်အမတ်တွေရဲ့ စာမှာရေးသားထားပါတယ်။

အမေရိကန်နိုင်ငံသားတယောက်ကို ဆက်ပြီး ဖမ်းဆီးထားမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ ထိတွေ့ဆက်ဆံရေးကိစ္စမှာ အဟန့်အတားဖြစ်စေလိမ့်မယ်ဆိုတာ အမေရိကန်လွှတ်တော်အမတ်တွေ ကိုယ်တိုင်က အခုလိုစာရေးသားပြောဆိုလိုက်တဲ့အတွက် ဒီစာဟာ တစုံတရာ အကျိုးသက်ရောက်မှု ရှိလိမ့်မယ်လို့ ကိုညီညီအောင်ရဲ့ ရှေ့နေ Beth Schwanke က ယုံကြည်ထားပါတယ်။

ဒါပေမယ့်လည်း မြန်မာစစ်အုပ်စုဟာ ပြင်ပက ဖိအားပေးတာမျိုးကို အန်တုလေ့ရှိပြီး ဒီလိုဖိအားပေးတာကြောင့်လည်း အခြေအနေတွေ ပိုဆိုးသွားတတ်တာမျိုးတွေလည်းရှိပါတယ်၊ အခု ကိုညီညီအောင်ကိစ္စကျမှ မြန်မာစစ်အုပ်စုက နားထောင်လိမ့်မယ်လို့ ယုံကြည်နိုင်စရာ အကြောင်းနည်းပါတယ်။ ဒါပေမယ့် ရှေ့နေ Beth ကတော့ မြန်မာစစ်အုပ်စုကိုယ်တိုင်က အမေရိကန်နဲ့ဆက်ဆံချင်တဲ့ အလားအလာတွေ ပြထားတာကြောင့် ဒီတကြိမ်မှာတော့ မျှော်လင့်ချက်ထားနိုင်ပါတယ်လို့ အခုလို သုံးသပ်ပါတယ်။

" အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန တာဝန်ရှိသူတွေနဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ တွေ့ဆုံခဲ့ပြီးတော့ အမေရိကန်နဲ့ ထိတွေ့ဆက်ဆံချင်တယ်ဆိုတာကို မြန်မာစစ်အုပ်စုက ပြသခဲ့ပါတယ်။ ဒါကြောင့် ဒီဖိအားဟာ မှန်ကန်တဲ့အချိန်မှာ ဖြစ်လာတယ်လို့ ကျမတို့မျှော်လင့်ပါတယ်။ ညီညီကို ဖမ်းဆီးထားတာဟာ အမေရိကန်နဲ့ ဆက်ဆံချင်စိတ်မှ ရှိပါရဲ့လားဆိုတဲ့ သံသယဖြစ်လာစေတယ်ဆိုတာ ဒီစာကဖော်ပြနေတာမို့နအဖဟာ ညီညီကို ပြန်လွှတ်ပေးရမှာပါ။"

# ဒေါ်အောင်ဆန်းစုကြည်နှင့် စီအီးစီတွေ့ဆုံပွဲ ပြည်တွင်း ပြည်ပ ကြိုဆို

**DVB၊ ဒီဇင်ဘာ ၁၆။** ။ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ၃ ဦး တို့ အစိုးရဧည့်ဂေဟာတခုမှာ တွေ့ခွင့်ပြုတဲ့အပေါ် ပြည်တွင်း ပြည်ပက မဟာမိတ်အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေက သတိနဲ့ ကြိုဆိုလိုက်ပါတယ်။

ပြည်တွင်းက ဝါရင့်နိုင်ငံရေးသမားတွေ၊ တိုင်းရင်းသားနိုင်ငံရေးပါတီတွေနဲ့နယ်စပ်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့က ကြိုဆိုလိုက်ကြတာဖြစ်ပြီး ဒီတွေ့ဆုံမှုကနေ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲတွေဆီကို တက်လှမ်းတာ မြင်တွေ့လိုတယ်လို့ ပြောဆိုကြပါတယ်။ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအဖွဲ့က သခင်ချန်ထွန်းနဲ့ဦးအုန်းမောင် တို့က ဒီကနေ့ တွေ့ဆုံပွဲအပေါ် ခုလိုထင်မြင်ချက်ပေးပါတယ်။

"ဒီလို တွေ့ခွင့်ပေးတယ်ဆိုတာ အခွင့်အရေးတခုလို့ပဲ ယူဆပါတယ်။ အမှန်ကတော့ အဖွဲ့ချုပ်အမှုဆောင် ၃ ဦးနဲ့တင်မကပဲ အဖွဲ့ချုပ်အမှုဆောင်တဖွဲ့လုံးကို ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ပေးပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးသမားအားလုံးကို လွှတ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမြန်ဆုံးတွေ့ဆုံဆွေးနွေးပြီးတော့ ဗမာပြည်မှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို ဖြေရှင်းဖို့အချိန်ရောက်ပြီလို့ တိုက်တွန်းချင်ပါတယ်။"

ဦးအုန်းမောင်ကလည်း ခုလိုပြောပါတယ်။"တဖက်နဲ့တဖက် အပေးအယူရှိလာတယ်လို့ အမိပ္ပါယ်ယူဆရပါတယ်။ အဲဒီတော့ တစုံတရာလိုက်လျောတယ်သို့မဟုတ် နည်းနည်းလေး ပိုနီးစပ်လာတယ်လို့ ပြောလို့လည်းရမယ်လို့ထင်ပါတယ်။" တဆက်တည်းပဲ ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ်ဆိုပြီး ဖွဲ့ထားတဲ့ ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့ ခေါင်းဆောင် ဝါရင့် ရှမ်းနိုင်ငံရေးသမား ဦးရွှေအုန်းကလည်း တွေ့ဆုံဆွေးနွေးရေးအတွက် အလားအလာကောင်းတွေကို ဖြစ်ထွန်းနိုင်တယ်လို့ အကောင်းမြင်ပါတယ်။

"တိုးတက်မှု တစိတ်တဒေသရှိတယ်ထင်တာပဲ၊ ဒေါ်အောင်ဆန်းစုကြည်တောင်းတာက ဒါ ပထမခြေလှမ်းပဲ၊ ပြီးရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဖို့လာပါလိမ့်မယ်ထင်တယ်။ နောက်ပိုင်း ပိုပြီးတော့ လမ်းပွင့်သွားမှာပေါ့။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်ကတော့ ဒီတွေ့ဆုံပွဲအပေါ် သတိတရားလက်ကိုင်ထားပြီး ကြိုဆိုတယ်လို့ ခုလိုပြောပါတယ်။

"လိုက်လျောမှု ရှိတယ်လို့ယူဆတယ်။ ဒီလိုက်လျောမှုက ရှင်းရှင်းပြောရရင် သူနဲ့သံတမန်များနဲ့ တွေ့ခွင့်ပေးတဲ့ဟာထက် ပိုပြီးတော့ အရေးကြီးတယ်လို့ ယူဆတယ်၊ ဘာဖြစ်လည်းဆိုတော့ အခုတွေ့ဆုံမှုက ဒေါ်အောင်ဆန်းစုကြည်တင်ပြတဲ့ စာတစောင်တည်းရဲ့အစိတ်အပိုင်း ၃ ရပ် ထဲက တပိုင်းဖြစ်တယ်။ ဘာပဲပြောပြော သူတို့ဘက်က လိုက်လျောမှုရှိတယ်ဆိုတာကတော့ ထင်ရှားတယ်။ ဒီအပိုင်းကို လိုက်လျောနိုင်ရင် အဖွဲ့ချုပ်စီအီးစီနဲ့ တွေ့ဆုံရေးကို လိုက်လျောနိုင်ဘွယ်ရှိတယ်ပေါ့၊ နောက်တခါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံရေး လိုက်လျောနိုင်တယ်ဆိုတဲ့ဟာမျိုးတွေ ဆက်စပ်ပြီးတွေးရင် ဒါ အရေးကြီးတယ်လို့ယူဆတယ်။ သို့သော် အကုန်လုံး အကောင်းပဲမြင်တာတော့ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ စစ်အစိုးရရဲ့ သဘောကတော့ သူတို့ အိပ်ထဲက စိုက်ရမယ့် လိုက်လျောမှုတွေ သိပ်မလုပ်ချင်ဘူးဗျ။"

အလားတူပဲ စစ်အစိုးရကို လက်နက်နည်း၊ နိုင်ငံရေးနည်းတွေနဲ့ တော်လှန်နေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အန်စီယူဘီ) ကလည်း ဦးဝင်းတင်လိုပဲ သတိနဲ့ ကြိုဆိုပါတယ်။ အထွေထွေအတွင်းရေးမှူး–၂ ဦးမြင့်သိန်းက ခုလိုပြောပါတယ်။ "ဒီလို တွေ့ဆုံခွင့်ပေးတယ်ဆိုတာက အပေါင်း လက္ခဏာပါပဲ၊ ဘယ်လောက်တိုးတက်လာမယ်ဆိုတာကျနော်တို့ စောင့်ကြည့်ရမှာပါ။"

ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်စီရင်စဉ်က ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံလိုသူတွေကို စာရေးတောင်းဆိုနိုင်တဲ့အချက် ပါဝင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျားသံအမတ်သုံးဦးနဲ့ တွေ့ဆုံခွင့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေနဲ့ တွေ့ခွင့်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံခွင့် တောင်းဆိုချက်တွေအပေါ် ဖြစ်ထွန်းမှုတွေဖြစ်ပါတယ်။

# စီးပွားရေးနိုဗယ်ဆုရှင်က စီးပွားရေးနဲ့နိုင်ငံရေးကို သီးခြားခွဲထား၍ မရနိုင်ဟုဆို

**DVB၊ ဒီဇင်ဘာ ၁၆။** ။ စီးပွားရေးနဲ့ နိုင်ငံရေးကို သီးခြားခွဲထားလို့မရနိုင်ဘူးလို့ စီးပွားရေးနိုဗယ်ဆုရှင်ဒေါက်တာစတီးဂလစ်က နေပြည်တော်က စီမီနာအတွင်း ပြောကြားခဲ့ပါတယ်။

မနေ့က ကျင်းပခဲ့တဲ့ ကျေးလက်ဒေသဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး ဆွေးနွေးပွဲအတွင်း စတီဂလစ်က လယ်ယာကိုအခြေခံတဲ့ မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာဖို့ဆိုရင် စိုက်ပျိုးရေးကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒေသတွင်းရှိ တခြားနိုင်ငံတွေကို စနစ်တကျ လေ့လာဖို့လိုပါတယ်။ စစ်မှန်ပြီး တည်ငြိမ်တဲ့ လုံခြုံဖွံ့ဖြိုးဖို့ဆိုရင် နိုင်ငံတကာအသိုင်းဝိုင်းမှာ ပူးပေါင်းပါဝင် ဆောင်ရွက်တဲ့ နည်းကလွဲပြီး တခြားနည်းမရှိဘူးလို့ စတီးဂလစ်က ထောက်ပြခဲ့ပါတယ်။ ဒါ့အပြင် လယ်ယာစိုက်ပျိုးရေးဖက်မှာ ဘဏ္ဍာငွေပိုသုံးစွဲဖို့၊ မျိုးစေ့နဲ့ ဓါတ်မြေသြဇာတွေလုံလောက်အောင်လုပ်ပေးဖို့၊ လယ်သမားတွေရဲ့ ကျန်းမာရေး၊ ပညာရေးမြင့်မားလာအောင် လုပ်ပေးဖို့၊ ကျေးလက်က ပြည်သူတွေ ဝင်ငွေကောင်းတဲ့ အလုပ်အကိုင်တွေ ရလာအောင် ဖန်တီးပေးဖို့လည်း စတီးဂလစ်က ညီလာခံကိုတက်လာတဲ့ လယ်ယာဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ စီမံဒုဝန်ကြီးဗိုလ်မှူးသူရိန်ဇော် အပါဝင် အစိုးရအရာရှိတွေကိုတိုက်တွန်းခဲ့ကြောင်း ယူအင်သတင်းထုတ်ပြန်ချက်မှာ ဖေါ်ပြပါတယ်။

ဒီအစည်းဝေးကိုစီစဉ်တဲ့ ESCAP အကြီးအကဲ ဒေါက်တာ နိုလေးဟေဇာကတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲတွေအတွင်း အကြံအဉာဏ်အသစ် ဆန်းစစ်မှုအသစ်တွေကို နေရာတိုးချဲ့ပေးရေးဟာ သူ့ရဲ့မျှော်လင့်ချက်ဖြစ်ပါတယ်။ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်လာစေဖို့ဆိုရင် ကွင်းထဲမှာ တကယ်လုပ်နေတဲ့၊ သက်ဆိုင်ရာ ကိစ္စတွေအပေါ် နားလည်တတ်ကျွမ်းတဲ့ လူတွေနဲ့ပူးပေါင်း ဆောင်ရွက်မှုဖြစ်မယ်လို့ ပြောပါတယ်။ ဒီလိုဖြစ်လာစေဖို့အတွက် နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေ၊ သုတေသနအရာရှိတွေနဲ့ မြန်မာအစိုးရအကြား အမြင်ဖလှယ်နိုးနှော ဆွေးနွေးနိုင်အောင် ESCAP က အခုလို စီစဉ်ပေးတာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

အင်္ဂလိပ်–သတင်းရပ်ကွက်ကနေ နောက်ထပ်ရရှိတဲ့သတင်းတွေအရဆိုရင် IMF မှ နည်းပညာအဖွဲ့တခုလဲ နေပြည်တော်နဲ့ရန်ကုန်ဆီရောက်နေပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ အခြေခံစာရင်း ဇယားတွေကို လေ့လာနေတယ်လို့ သိရပါတယ်၊ ဒ့ါအ ပြင် ကမ္ဘာ့ဘဏ်အရာရှိတဦးလည်း ရန်ကုန်မှာရှိနေပြီး စီးပွားရေးနဲ့ ဖွံ့ဖြိုးမှုအခြေနေတွေကို လေ့လာနေတယ်လို့သိရပါတယ်။ ဒီအဖွဲ့တွေဟာ စစ်အစိုးရရဲ့လူ့အခွင့်ရေးချိုးဖေါက်မှုနဲ့ စီးပွားရေးခန့်ခွဲမှု ညံ့ ဖျင်းမှုအပေါ် အခြေခံပြီး မြန်မာနိုင်ငံကို ငွေကြေးအကူညီမပေးနိုင်ဘူးလို့ ပြောခဲ့တဲ့အဖွဲ့တွေဖြစ်ပါတယ်။

ဒါပေမယ့် အိုဘားမားရဲ့ အမေရိကန်အစိုးရသစ်က စစ်အစိုးရနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံမယ်လို့ ပြောဆိုပြီးနောက်ပိုင်း နိုင်ငံတကာအဖွဲ့စည်းအတော်များများမြန်မာနိုင်ငံနဲ့ ပြန်လည်ဆက်စပ်လာတဲ့ လက္ခဏာတွေ စတွေ့နေရပြီလို့ အင်္ဂလိပ် သတင်းရက်ကွက်က ပြောကြားခဲ့ပါတယ်။ နေပြည်တော်ကနေ နောက်ထပ်ရရှိတဲ့ နိုင်ငံတကာဆက်ဆံရေး သတင်းတပုဒ်ကတော့ တရုတ် ဒုသမ္မတရှိကျင်းဖျင် စနေ့နေ့မှာ နေပြည်တော်ဆီရောက်ဖို့ရှိနေတယ်လို့သိရပါတယ်။

မကြာခင် ကာလအတွင်း သမ္မတဖြစ်လာလိမ့်မယ်လို့ ရေပန်းစားနေသူ ရှိကျင်းဖျင်ဟာ အာရှ ၄ နိုင်ငံခရီးစဉ်အဖြစ် ဂျပန်၊ တောင် ကိုးရီးယား၊ မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေဆီ ခရီးထွက်နေပြီး ဂျပန်နဲ့ တောင်ကိုးရီးယားခရီးစဉ်အပြီးမှာ မြန်မာနိုင်ငံဆီဝင်လာမှာဖြစ်တယ်လို့ ဆင်ဟွာသတင်းက ဖေါ်ပြပါတယ်။ ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ နအဖဒုဥက္ကဋ္ဌ ဒုတိယ–ဗိုလ်ချုပ်မှူးကြီး မောင်အေးရဲ့ ဖိတ်ကြားချက်အရ တရုတ်ဒုသမ္မတ မကြာခင်ကာလအတွင်း မြန်မာနိုင်ငံဆီ ရောက်လာမယ်လို့သာ ဖေါ်ပြထားတာတွေ့ရပါတယ်။

## ဗဟိုအလုပ်အမှုဆောင်ပြန်ဖွဲ့ရေး ဒေါ်စုမေတ္တာရပ်ခံချက် လူကြီးတွေ သဘောတူ

**VOA၊ ဒီဇင်ဘာ ၁၈။** ။ နေအိမ်မှာ ဆက်လက်ဖမ်းဆီးခံထားရတဲ့ မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီရဲ့ သက်ကြီးပိုင်းခေါင်းဆောင်တချို့နဲ့ ဒီအပတ်ထဲတွေ့ဆုံခွင့်ရခဲ့ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ ရှေ့ဆက်လုပ်နိုင်စေဖို့ ပါတီထဲမှာ အပြောင်းအလဲတွေလုပ်ဆောင်ရေး ဆွေးနွေးဖြစ်တယ်လို့ သူနဲ့တွေ့ဆုံခဲ့တဲ့သူတွေနဲ့ ပါတီအကြီးတန်း ခေါင်းဆောင်တွေက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုထားတာကို လိုက်လျောပြီး နအဖ စစ်အုပ်စုက ဒီလို ပါတီလူကြီးပိုင်းတချို့နဲ့တွေ့ဆုံခွင့်ပေးခဲ့ပေမယ့် ကျန်တောင်းဆိုချက်တွေကိုလက်ခံဖို့ကိုလည်း NLD က လိုလားနေတာဖြစ်ပါတယ်။ NLD ပါတီရဲ့ သက်ကြီးပိုင်းခေါင်းဆောင်တွေဖြစ်ကြတဲ့ ဥက္ကဋ္ဌဦးအောင်ရွှေ၊ ပါတီအတွင်းရေးမှူးဦးလွင်နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့နဲ့ ဒေါ်အောင်ဆန်းစုကြည် ဗုဒ္ဓဟူးနေ့က တွေ့ဆုံခွင့်ရချိန်မှာ ပါတီခေါင်းဆောင်ပိုင်း ပြန်လည်ဖွဲ့စည်းရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြတာပါ။ အထူးသဖြင့်ကတော့ အခုအခါ အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ပါတီခေါင်းဆောင်တွေနေရာမှာ အစားထိုးပြန်လည်ဖွဲ့စည်းဖို့တရားဝင် ခွင့်ပြုချက်တောင်းခံခဲ့တာဖြစ်တဲ့အကြောင်း အတွင်းရေးမှူးဦးလွင်က ပြောပါတယ်။

“ပြန်လည်ဖွဲ့စည်းရေးလုပ်မယ်၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေလည်း ဒုက္ခမပေးချင်ဘူး၊ သို့သော်လည်း ဒါနဲ့ပတ်သက်ပြီး ရပ်တည်ပေးဖို့တရားဝင်ခွင့်တောင်းတာ၊ CEC ပြန်လည်ဖွဲ့စည်းဖို့ဆိုတာ၊ အဲဒါပေးပါတယ်လို့၊ အဲလို ပြန်လည်ဖွဲ့စည်းတဲ့ဟာ သူ့သဘောနဲ့သူလုပ်ပိုင်ခွင့်မရှိဘူးပေါ့၊ ဒီလူကြီး ၃ ယောက်က သဘောတူမှလုပ်သင့်တယ်၊ လုပ်ဖို့အချိန်လည်း ရောက်ပါပြီ။”

အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းဖြစ်နေကြတဲ့ ပါတီလူကြီးပိုင်းတွေနဲ့ တွေ့ဆုံလိုကြောင်းနဲ့ ပါတီခေါင်းဆောင်တွေနဲ့ ပုံမှန်ဆွေးနွေးမှုတွေ လုပ်ဆောင်ခွင့်ပေးဖို့၊ နောက် စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံခွင့်ပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလ ၁၁ ရက်နေ့က စစ်အစိုးရခေါင်းဆောင်ထံ စာရေးသား တောင်းဆိုခဲ့ပြီးတဲ့နောက် အခုလိုတွေ့ဆုံခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံမှုတွေ ထွက်ပေါ်လာတဲ့အတွက် မြန်မာနိုင်ငံရေးအတွက် အလားအလာကောင်းတွေ ဖြစ်လာလေမလား မျှော်လင့်မှုတွေလည်း ရှိလာခဲ့ပါတယ်။

ပါတီလူကြီး ၃ ဦးနဲ့ တွေ့ဆုံခွင့်ပြုခဲ့တဲ့အပေါ် အမေရိကန်ပြည်ထောင်စုကလည်း ကြိုဆိုခဲ့တာဖြစ်သလို ကျန်ပါတီရဲ့ အလုပ်အမှုဆောင်တွေ အားလုံးနဲ့ရော တိုင်းရင်းသား အင်အားစုတွေ အပါအဝင် တိုင်းပြည်က သက်ဆိုင်သူတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံနိုင်မယ့် ခြေလှမ်းတရပ်အဖြစ် မျှော်လင့်ကြောင်းလည်း နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရသူ Ian Kelly က ပြောခဲ့တာပါ။

NLD ပါတီအတွင်းရေးမှူးတဦးဖြစ်တဲ့ ဦးဝင်းတင်ကတော့ ကျန်နေသေးတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တောင်းဆိုချက်တွေဖြစ်တဲ့ ပါတီအလုပ်အမှုဆောင်အဖွဲ့နဲ့ရော စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ပါ တွေ့ဆုံခွင့်ကို တိုင်းပြည်အကျိုးရှေ့ရှုပြီး လိုက်လျောဖို့လိုတယ်လို့ ဆိုပါတယ်။

“နောက်ဆုံးအဆင့်ကတော့ ဒီစာရဲ့ နောက်ဆုံးပိုင်းဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တိုင်းပြည်ရဲ့ အကျိုးရှိရာ ရှိကြောင်း ကိစ္စတွေကို ဆွေးနွေးပါရစေ၊ ဒါကြောင့် ကျမကို တွေ့ခွင့်ပေးပါဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပန်ကြားချက်ကို နအဖစစ်အစိုးရအနေနဲ့ အမြန်ဆုံး လိုက်လျောလိမ့်မယ်၊ အမြန်ဆုံး ဒီကိစ္စကို အကောင်အထည်ဖော်လိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်နေပါတယ်။”

ဒီလို ပါတီလူကြီးပိုင်းတွေနဲ့ တွေ့ဆုံမှုတွေမတိုင်မီ စစ်အစိုးရရဲ့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ အောက်တိုဘာလကကစလို့ ၃ ကြိမ်တွေ့ဆုံခဲ့တာရှိသလို အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell နဲ့လည်း တွေ့ဆုံခဲ့တာပါ။ ဒါပေမယ့် Kurt Campbell နဲ့အတူ မြန်မာစစ်အစိုးရတာဝန်ရှိသူတွေနဲ့တွေ့ဆုံခဲ့တဲ့ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Scot Marciel ကတော့ တိုက်ရိုက်ထိတွေ့မှုတွေနဲ့ ဆက်ဆံရေးတွေ ပြောင်းလဲသွားဖို့ အမေရိကန်က ရည်ရွယ်ထားပေမယ့် အခုအထိတော့ ထင်သလောက် တိုးတက်မှု မတွေ့ရသေးဘူးလို့ ဒီလဆန်းပိုင်းမှာတုန်းကပဲ ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

## အစ္စရေးရောက် မြန်မာများ ရွှေဂုံတိုင်ကြေညာစာတမ်းကို ထောက်ခံဆန္ဒပြ

**DVB၊ ဒီဇင်ဘာ ၁၅။** ။ အစ္စရေးနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံကိုပြင်ဆင်ပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်တဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းကို ထောက်ခံဆန္ဒပြကြတယ်လို့ သိရပါတယ်။

အစ္စရေးနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေ၊ တဲလ်အဗစ်မြို့ အခြေစိုက် မြန်မာသံရုံးရှေ့မှာ ဆန္ဒပြကြတာဖြစ်ပါတယ်။ သူတို့ဘာကြောင့် ဆန္ဒပြရသလဲဆိုတာ ဘားမားအက်ရှင်အဖွဲ့က ကိုအောင်နိုင်ဝင်းက ခုလိုပြောပါတယ်။

“ဟုတ်ကဲ့ အစ္စရေးသံရုံးရှေ့မှာ ကျနော်တို့ဆန္ဒပြတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ နအဖလုပ်မယ့် ရွေးကောက်ပွဲကို ကျနော်တို့က လုံးဝအယုံအကြည်မရှိဘူး။ အဲဒါကြောင့်မို့လို့ ဆန့်ကျင်တာပါ၊ သူတို့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမှာလည်း တခါတည်း လိမ်ညာထား၊ တသက်လုံးအုပ်ချုပ်ဖို့ လုပ်ထားတဲ့အတွက် ဒီကိစ္စကို ကျနော်တို့လုံးဝလက်မခံနိုင်ပါဘူး။ ဒါကြောင့် ဆန့်ကျင်တာပါ။ နောက်ပြီးတော့ အန်အယ်လ်ဒီရဲ့ ကြေညာထားတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းကို ထောက်ခံပါတယ်။ နအဖဘက်က ဘာမှအပြောင်းအလဲ လှုပ်ရှားမှု၊ ဘာတခုမှ မရှိပါဘူး။ ရိုးသားတဲ့အရိပ်အရောင် ဘာတခုမှမရှိပါဘူး။ ဒါကြောင့် အစ္စရေးနိုင်ငံမှာရှိတဲ့ တဲလ်အဗစ်မြန်မာသံရုံးရှေ့မှာ ကျနော်တို့လာပြီးဆန္ဒပြတာပါ။”

ရွှေဂုံတိုင်ကြေညာစာတမ်းမှာ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ဖို့၊ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရင်၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို လက်ခံရင်၊ တွေ့ဆုံဆွေးနွေးပွဲလုပ်ရင် အဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်ရေးစဉ်းစားမယ်လို့ ပြောထားပါတယ်။ စစ်အစိုးရက ရွေးကောက်ပွဲကို လာမယ့်နှစ်မှာကျင်းပမယ်လို့ ကြေညာထားပေမယ့် အခုချိန်ထိ လွတ်လပ်ပွင့်လင်းမှုမရှိသေးဘူးလို့ ကိုအောင်နိုင်ဝင်းက ပြောပါတယ်။ ဆန္ဒပြ အမျိုးသမီးနှစ်ဦးကလည်း ဆန္ဒပြရည်ရွယ်ချက်ကို ပြောပြကြပါတယ်။

“ကျမတို့က လူ့အခွင့်အရေးတွေ အားလုံးဆုံးရှုံးနေပါတယ်။ လူမျိုးစုအားလုံးဟာ အခုဆိုရင် ရွာတွေကို အစိုးရရဲ့မတရားနှိပ်စက်ဖျက်ဆီးတာကို ခံရတယ်၊ မိန်းကလေးတွေဆိုရင်လည်း မုဒိမ်းကျင့်တာမျိုးတွေခံရတယ်၊ နအဖရွေးကောက်ပွဲကို လုံးဝအလိုမရှိပါဘူး။ ယုံကြည်ချက်လည်း မရှိပါဘူး။ ကျမတို့ တိုင်းပြည်အတွက် ဒီမိုကရေစီလွတ်လပ်ရေးရရှိဘို့အတွက် အင်တိုက်အားတိုက် ဒီမှာ ဆန္ဒလာပြတာဖြစ်ပါတယ်။”

နယ်မြေခံ အစ္စရေးလူ့အခွင့်အရေးအဖွဲ့က ပုဂ္ဂိုလ်တချို့လည်း ပူးပေါင်းဆင်နွဲပါတယ်။ အစ္စရေးလူ့အခွင့်အရေးအဖွဲ့က အမျိုးသမီးတဦးက အခုလို ပြောပါတယ်။ “မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားဖို့၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးအတွက်ဆန္ဒပြတာပါလို့” ပြောသွားပါတယ်။ ဒီနေ့ဆန္ဒပြပွဲကို မနက် ၉ နာရီကနေ ၁၁ နာရီထိကျင်းပခဲ့ပြီး လူ ၂၀ ခန့် လာရောက်ဆန္ဒပြခဲ့ပါတယ်။

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်ပိုင် ကိုယ်ရံတော်အထူးတပ်ဖွဲ့ ထူထောင်ထား

**DVB | ဒီဇင်ဘာ ၁၄ ။** ။ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သက်တော်စောင့် အထူးတပ်ဖွဲ့ကို ထူထောင်ထားပါတယ်။ ဒီအထူးတပ်ဖွဲ့ကို လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်ကတည်းက စစ်ပညာသင်ပေးခဲ့တဲ့ ကလေးစစ်သားတွေနဲ့ ဖွဲ့စည်းထားတာလို့ တပ်မတော်အဆင့်မြင့်အရာရှိအသိုက်အဝန်းနဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်တချို့က ပြောပါတယ်။

လာမယ့် ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း လွှတ်တော်နဲ့တပ်မတော်ကို ဗိုလ်ချုပ်မှူးကြီးက ကြိုးကိုင်ရာမှာ အထောက်အကူဖြစ်စေဖို့ ဒီလိုဖွဲ့စည်း ထူထောင်ထားတာလို့ဆိုပါတယ်။ ဒီတပ်ဖွဲ့အတွက် နအဖစစ်တပ် ထိုးစစ်ဆင်ခဲ့တဲ့ ကရင်ပြည်နယ်နဲ့ရှမ်းပြည်နယ်က တိုက်ပွဲတွေကြောင့် မိဘဆုံးရတဲ့ တိုင်းရင်းသားကလေးငယ်တွေကို လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းကစပြီး ရွေးချယ်စုဆောင်းခဲ့တာလို့လည်း သူတို့က ပြောပါတယ်။ ဒီကလေးတွေကို ပဲခူးတိုင်း၊ အုတ်တွင်းမြို့နားက တိုင်းဗဟို ဖ လေ့ကျင့်ရေးစခန်း၊ ရန်ကုန်တိုင်း ရဲမွန်လေ့ကျင့်စခန်းနဲ့ ဒီ့ပြင် လျှို့ဝှက်လေ့ကျင့်ရေးစခန်းတွေမှာ စခန်းသွင်းစစ်ပညာတွေသင်ပေးခဲ့ပြီး အထူးတပ်ဖွဲ့အနေနဲ့ပြုစုပျိုးထောင်ခဲ့တာလို့ တပ်မတော်အဆင့်မြင့် အရာရှိကြီးတွေနဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တဦးက ပြောပါတယ်။

“မိဘမဲ့လိုဟာမျိုးတွေ နေရာပေါင်းစုံကနေပြီးတော့ စုဆောင်းထားတဲ့ဟာတွေက တော်တော်ကြီးနေပြီ၊ သုံးလို့ ကိုင်လို့ ရနေပြီလေ။ ဘယ်သူမှ ပြောလို့မှ သိပ်အရာမဝင်ဘူး။ သူပြောမှ ပြီးတဲ့ကိစ္စလေ။ အဲဒါမျိုး ထားတာဗျ။ ထရိန်နီက ရိုးရိုး တပ်မတော်စစ်သားစုဆောင်းရေးထက် အများကြီးသာတယ်။ လက်နက်ပစ္စည်းကိရိယာ အစုံအလင်နဲ့ တကယ့်အဆင့်မြင့် ထရိန်နင်တွေဘာတွေ ပေးတယ်။”

ကလေးစစ်သားတွေအရေး အိုင်အယ်အို(နိုင်ငံတကာအလုပ်သမား အဖွဲ့ချုပ်)ကို တိုင်းကြားရာမှာ ကူညီဖြေရှင်းပေးနေတဲ့ လမ်းပြကြယ် ဦးအေးမြင့် ကလည်း ဗိုလ်ချုပ်မှူးကြီးဟာ အထူးသက်တော်စောင့်တပ်ဖွဲ့ကို ထူထောင်ထားတာဟာ လက်ရှိနိုင်ငံရေးအခြေအနေကြောင့် ဖြစ်မယ်လို့သုံးသပ်ပါတယ်။

“ဗိုလ်ချုပ်ဗိုလ်မှူးတွေကလည်း တယောက်ကိုတယောက် ယုံကြည်မှုရရှိတယ်ဆိုတဲ့အဆင့် မရရှိတဲ့အတွက် ကလေးတွေကို မွေးတယ်။ ကိုယ်ပိုင် မိသားစုစစ်တပ်သဖွယ် အခုအဆင့်မြင့်တိုင်းဗဟို ဖ လို နီးစပ်ရာကလေးတွေ မွေးစားပြီး အရွယ်ရောက်လာတဲ့အခါ သူတို့ကိုစောင့်ရှောက်ဖို့အတွက် စစ်သားတွေ မွေးတယ်လို့ ယူဆလို့ရတယ်၊ ဟုတ်လည်း ဟုတ်နေပါတယ်။”

ကလေးပျောက်ဆုံးမှုတွေမှာ လိုက်ပြီးစုံစမ်းတဲ့အခါ စစ်သားစုဆောင်းရေးနဲ့ လေ့ကျင့်ရေးစခန်းတွေကို မရောက်ဘဲ လမ်းမှာပျောက်ဆုံးသွားမှုတွေရှိနေတယ်လို့လည်း ဦးအေးမြင့်က ပြောပါတယ်။

“ဒီကလေးမျိုးတွေဟာ မိသားစုကိုကာကွယ်မယ့်၊ မိသားစုတပ်ဖြစ်ဖို့အတွက်ဆောင်ရွက်နေတဲ့ တပ်တနေရာရာမှာတော့ရှိတယ်လို့ ယူဆလို့ရတယ်။”

မြန်မာစစ်ဥပဒေမှာ အသက် ၁၈ ပြည့်ပြီး မိဘအုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ရမှစစ်မှုထမ်းခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပေမယ့် လက်တွေ့မှာတော့ တပ်မတော်အကြီးအကဲတွေကိုယ်နှိုက်က ဒီဥပဒေကိုမလိုက်နာတာတွေ့ရတယ်လို့ ဦးအေးမြင့်က ပြောပါတယ်။ နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေးအဖွဲ့ Human Rights Watch ရဲ့ စာရင်းတွေအရ မြန်မာနိုင်ငံမှာ ကလေးစစ်သား ၇၀,၀၀၀ လောက်ရှိနေပြီး ရန်ကုန်အခြေစိုက် အိုင်အယ်အိုရုံးကို ၂၀၀၇ ဖေဖော်ဝါရီကနေ အခုအထိ တရားဝင်တိုင်ကြားလာတဲ့ ကလေးစစ်သား အမှုပေါင်းကတော့ ၁၀၂ မှုရှိနေပါတယ်။

# လူတုပ်ကွေးရောဂါ မပြန့်အောင် တရုတ်နယ်စပ်ဂိတ်၌ ကျန်းမာရေးစစ်ဆေး

**DVB | ဒီဇင်ဘာ ၁၄ ။** ။ ရှမ်းပြည်နယ် မူဆယ်မြို့ရဲ့တဘက်ကမ်း တရုတ်ပြည်နယ်စပ် ရွှေလီမြို့မှာ AH1N1 အေအိပ်ချ်ဝမ်းအန်ဝမ်း ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားနေလို့ ကျောင်းတွေပိတ်ထားရပြီး နယ်စပ်ဂိတ်တွေမှာလည်း ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်။

တရုတ်နယ်စပ် ရွှေလီဘက်မှာ လူတုပ်ကွေးရောဂါကြောင့် ကျောင်းတွေ ပိတ်ထားရပေမယ့် မူဆယ်ဘက်မှာတော့ ရောဂါကူးစက်တဲ့လက္ခဏာ မတွေ့ရသေးဘူးလို့ မူဆယ်မြို့ ပြည်သူ့ဆေးရုံတာဝန်ကျဆရာဝန်တဦးက ပြောပါတယ်။ ဒီရောဂါကူးစက်ပြန့်ပွားမှု မဖြစ်အောင်တော့ နယ်စပ်ဝင်ပေါက် ထွက်ပေါက်ဂိတ်တွေကို ကျန်းမာရေးဌာနက သေသေချာချာ စစ်ဆေးနေတယ်လို့ အဲဒီဆရာဝန်က အခုလို ပြောပြပါတယ်။

“ကျမတို့ဘက်မှာ ဘာမှမရှိဘူးဆိုတော့ ကျောင်းပိတ်တာတွေ မလုပ်ပါဘူး။ ရွှေလီဘက်ကနေ ဒီဘက်ကိုကျောင်းလာတက်တဲ့ ကလေးတွေရှိတယ်ဆိုရင်လည်း ကလေးတွေကို အထူးဂရုစိုက်ပြီးတော့ ကျန်းမာရေးဝန်ထမ်းတွေကို ချထားပြီးတော့ စစ်ဆေးရေး တွေလုပ်ပါတယ်။ AH1N1 နဲ့ပတ်သက်လို့ ဧပြီလမှာကတည်းက အားလုံးကို ကျန်းမာရေး ဟောပြောပွဲတွေလုပ်ပြီး အသိပေးထားပါတယ်။ အခုချိန်မှာ ရောဂါရှိတယ်လို့ ယူဆမယ့်လူ ရောက်လာမယ်ဆိုရင် ကြိုတင်ကာကွယ်ရေး တားဆီးရေးလုပ်ငန်းတွေပဲ လုပ်တာပေါ့။ ဒါက အရင်ကတည်းကလုပ်ပါတယ်။”

ရွှေလီဘက် ကျောင်းတွေ ပိတ်ထားရတဲ့ အခြေအနေကိုလည်း ရွှေလီမြို့မှာနေထိုင်တဲ့ မြန်မာနိုင်ငံသားတဦးက ခုလို ပြောပြပါတယ်။

“ပြီးခဲ့တဲ့အဲ့ဒီ ၃ ရက်လောက်က စပြီးတော့ အလယ်တန်းကျောင်းတွေပိတ်ထားတယ်၊ သောကြာနေ့ကျတော့ မူကြိုတွေပိတ်တယ်၊ ကျောင်းတွေကို ကြာသာပတေးနေ့လောက်ကို စပိတ်တယ်။ အမိက အဲ့ဒီကျောင်းကနေ စဖြစ်တာပဲ၊ တချို့ကလည်း ကလေးလေးတယောက်ဆုံးတယ်လို့ပြောတယ်၊ သတင်းကမခိုင်လုံဘူး။ ဒါပေမဲ့ ဒီမှာရှိတဲ့ ကျောင်းတွေမှန်သမျှအားလုံးပိတ်လိုက် ပြီ ၁၀ ရက်ပိတ်မယ်လို့ပြောနေတယ်၊ သွားတာလာတာ နဲနဲကျဲပါးသွားတယ်၊ နှာခေါင်းစည်းနဲ့သွားတယ်၊ အားလုံးက လူကြားထဲမှာမသွားရဘူး။ နှိုးဆော်သတိပေးတာတွေလုပ်ထားတယ်။ သူတို့ ကလေးတွေကိုသွားလာတဲ့ခါဆိုရင် နှာခေါင်းစည်းတပ်ထားကြဖို့၊ အိမ်ပြန်တယ်ဆိုရင် ရေဆေးဖို့၊ အဲဒါတွေတော့ နှိုးဆော်သတိပေးလုပ်ထားတယ်။ မနက်ဖြန် တနင်္လာနေ့ကျရင် ဆေးထိုးမယ်လို့ကြားတယ်။”

ဒီအခြေနေကြောင့် ရွှေလီဘက် သွားတဲ့သူတွေကို ကျန်းမာရေးအသိရှိဖို့ သတိပေးနှိုးဆော်တာတွေလည်း တာဝန်ရှိသူတွေက ဆောင်ရွက်နေကြပါတယ်။ တရုတ်ပြည်မှာ ဒီလူတုပ်ကွေးရောဂါပိုး ကူးစက်သူ လူတသိန်းကျော်သွား ပြီဖြစ်ပြီး သေဆုံးသူ ၃၂၆ ယောက်ရှိသွားပြီးလို့ တရုတ်ကျန်းမာရေးဌာနက ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ သတင်းထုတ်ပြန်ထားပါတယ်။ တရုတ်ပြည်ရဲ့ တုပ်ကွေးရာသီက အခုဒီဇင်ဘာလကနေ မတ်လအထိ ဖြစ်တယ်လို့ သိရပါတယ်။ တရုတ်အစိုးရဟာ တုတ်ကွေးကြိုတင်ကာကွယ်ရေး အတွက် နေ့စဉ်ပျမ်းမျှ လူတသန်းကို ကာကွယ်ဆေးထိုးပေးနေတယ်လို့လည်း သိရပါတယ်။

မြန်မာနိုင်ငံမှာတော့ ပြီးခဲ့တဲ့အပတ်စာရင်းအရ ကမ္ဘာ့လူတုပ်ကွေးရောဂါကူးစက်ခံရသူ ၆၄ ဦးရှိသွားပြီဖြစ်ပြီး ၆၂ ဦးကတော့ ရောဂါသက်သာလို့ ဆေးရုံက ဆင်းသွားပြီလို့ မြန်မာကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။ ဒီလ ၁၁ ရက်နေ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတင်းထုတ်ပြန်ချက်အရ AH1N1 လူတုပ်ကွေးရောဂါကြောင့် ကမ္ဘာ့တဝန်းသေဆုံးသူ ၉,၅၉၆ ဦးရှိသွားပြီလို့ သိရပါတယ်။

# အမည်ခံ ဒီမိုကရေစီ

**ကျော်ကျော်စိုး**

ဟိုတလောက မိတ်ဆွေတယောက်နှင့်စကားစမြည်ပြောရင်း မြန်မာပြည်၏လက်ရှိအခြေအနေအကြောင်းပြောဖြစ်ခဲ့သည်။ မိတ်ဆွေက ပြည်တွင်း၌ ပြည်သူအများဆင်းရဲဒုက္ခရောက်နေရပြီး အခြေအနေများသည် ယခင်ကထက်ပိုမိုဆိုးရွားလာနေသည်။ အထူးသဖြင့် အကျင့်စာရိတ္တပိုင်းတွင်ပျက်ပြားနေကြသည်။ နိုင်ငံ၏စီးပွားရေးအခြေအနေယိုင်နဲ့လာနေပြီး လူအများစု၏စားဝတ်နေရေး အခြေအနေပိုမိုကျပ်တည်းကာ ဒုက္ခတွေ့နေရသည်ကိုပြောသည်။ ပြည်သူလူထုအတွက် အနိမ့်ဆုံး အဆင့်အနေဖြင့်လုပ်ဆောင်ပေးရမည့် အခြေခံနေ့စဉ်လူမှုဘဝအတွက် တာဝန်များကို အစိုးရက ပျက်ကွက်နေမှုများအား ထောက်ပြဝေဖန်သည်။

စင်္ကာပူ၊ တရုတ်၊ ဗီယက်နမ်ကဲ့သို့သောနိုင်ငံများပင် စီးပွားရေးတောင့်တင်းခိုင်မာလာပြီး တိုးတက်လာနေသည်။ အစိုးရက လူထု၏စားဝတ်နေရေးတိုးတက်လာရေးအတွက် အခွင့်အလမ်းများကို ဖန်တီးပေးနေသည်။ တိုးတက်မှုများသည် မျက်မြင်ဒိဌဖြစ်သည်ကို ထောက်ပြသည်။ ကျယ်ပြန့်၍ရှုပ်ထွေးခက်ခဲသည့် နိုင်ငံရေးအခြေအနေကို ကောင်းကောင်းနားမလည်သော်လည်း လူထု၏စားဝတ်နေရေးအခြေခံအဆင့်ပြည့်မီကာ ဒီမိုကရေစီနှင့်လွတ်လပ်မှုများရှိစေလိုသည့် သူ၏ဆန္ဒကိုပြောပြသည်။ နှစ်ယောက်သား အချိန်အတော်ကြာစကားပြောဖြစ်ခဲ့ပြီးနောက် လမ်းခွဲခဲ့ကြသည်။

အိမ်ပြန်ရောက်သောအခါ နှစ်ယောက်သားပြောဆိုခဲ့သောစကားများကို ပြန်လည်စဉ်းစားရင်း စာအုပ်စင်မှစာအုပ်တချို့ကိုယူကာ ကိုးကားရန်အတွက် ပြန်လည်ဖတ်ရှုရင်း ဤဆောင်းပါးကိုရေးဖြစ်ခဲ့သည်။ စီးပွားရေးတိုးတက်လာရေးတွင် ဒီမိုကရေစီနိုင်ငံများက အောင်မြင်စွာဖော်ဆောင်နိုင်သလော၊ အာဏာရှင်နိုင်ငံများက အောင်မြင်စွာဖော်ဆောင်နိုင်သလောဆိုသည်ကို စဉ်းစားတွေးတောလေ့လာမိခဲ့သည်။ မိတ်ဆွေနမူနာပေးပြောဆိုခဲ့တဲ့ စင်္ကာပူနိုင်ငံ နောက် ဘယ်ဒီမိုကရေစီနိုင်ငံ မှစီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိပေ။ ၁၉၆၅ ခုနှစ်တွင် မလေးရှားနိုင်ငံမှခွဲထွက်ကာ လွတ်လပ်ရေးရလာသည့်စင်္ကာပူနိုင်ငံသည် ဆင်းရဲလှသည် လူမျိုးရေးအရလည်း အားနည်းလှသည်။ မလေး၊ တရုတ်၊ အိန္ဒိယ အနွယ်လူမျိုးများ နိုင်ငံအရွယ်အစားကလည်း အလွန်သေးသည်။ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကြားတွင် ညပ်နေသည်။ သို့သော်လည်း လီကွမ်ယူဦးဆောင်မှုဖြင့် နိုင်ငံစီးပွားရေးတိုးတက်လာသည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ၂၅ နိုင်ငံတွင် တနိုင်ငံအပါအဝင်ဖြစ်သည်။ ပညာတတ်လူတန်းစားများပြားပြီး ပညာရေးအဆင့်အတန်းမြင့်မားသည်။ နိုင်ငံခြားအရန်ရံပုံငွေ အများဆုံးနိုင်ငံများထဲတွင်ပါဝင်သည်။ ဒီမိုကရေစီထွန်းကားခြင်းမရှိပဲ အကျင့်ပျက်လာဘ်စား အနည်းဆုံးနိုင်ငံဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးပြီးကတည်းက ပြည်သူ့လှုပ်ရှားမှုပါတီ PAP သည် လွှတ်တော်အမတ်နေရာအားလုံးနီးပါးလောက်ကို ယနေ့တိုင်ရယူချုပ်ကိုင်ထားသည်။ အစိုးရသည်၎င်းအား စိမ်ခေါ်လာသူများအား ဖိနှိပ်ထားသည်။ နိုင်ငံရေးထိပ်သီးများ၏ အာဏာအရှိန်အဝါကို ထိပါးလာသူများကို တုံ့နှေးနေခြင်းမရှိပဲ သွက်လက်စွာ နှိပ်ကွပ်သည်။ ဖိနှိပ်မှုများကို စနစ်တကျတွက်ချက်ရွေးချယ်ပြီးမှလုပ်ဆောင်သည်။ ထိုးနှက်သူများကို တန်ပြန်ခံရသူများအဖြစ်သို့ရောက်ရှိစေရန် လိမ္မာပါးနပ်စွာဖြင့် ဘက်ပေါင်းစုံမှ အလုံးအရင်းသုံးကာနှိပ်ကွပ်သည်။ အသက်မွေးဝမ်းကျောင်းမှုပြု၍မရစေရန်လုပ်ဆောင်သည်။ နိုင်ငံသားများရရှိသည့်အခြေခံအခွင့်အရေးများကို အပြည့်အဝမခံစားနိုင်စေရန်လုပ်ဆောင်သည်။ ပြည်သူလူထုအား အစိုးရကိုမဆန့်ကျင်နှင့် ဆန့်ကျင်လျှင် ဘဝပျက်သွားနိုင်သည်ဟူသည့်အချက်ကို သိရှိနေစေရန် လုပ်ဆောင်သည်။

စင်္ကာပူသည် ကမ္ဘာ့အနှံ့ရှိ အာဏာရှင်များအတွက် အမည်ခံဒီမိုကရေစီအဖြစ်ဖြင့် စံပြုစရာဖြစ်နေသည်။ နိုင်ငံရေးနှင့်ဆက်နွယ်သော ရုပ်ရှင်များကို တားမြစ်ပိတ်ပင်ထားသည်။ ၂၀၀၆ ခုနှစ်က ကျင်းပခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများသည် အင်တာနက်ကိုအသုံးပြု၍ မဲဆွယ်ခြင်းမပြုခဲ့ပေ။ အီးမေးလ်များသုံး၍ ပါတီ၏မူဝါဒ ရွေးကောက်ပွဲကြေညာစာတမ်းများကို လက်ဆင့်ကမ်းဖြန့်ဝေခွင့်ကို ပိတ်ပင်ထားသည်။ ဤသို့ဖြင့် PAP ၏ မီဒီယာလက်ဝါးကြီးအုပ်ထားမှုကို ခိုင်မြဲစေရန်လုပ်ဆောင်သည်။ PAP ၏တဘက်သတ်ဝါဒဖြန့်မှုကို ပိုမိုထိရောက်အသာစီးရစေရန် လုပ်ဆောင်ထားခြင်းဖြစ်သည်။ အတိုက်အခံနိုင်ငံရေးသမားများကို ခေါင်းမထောင်နိုင်စေရန် လုပ်ထားသည်။ အစိုးရအကြီးအကဲများ၊ ပါတီခေါင်းဆောင်များကို ပြစ်တင်ဝေဖန်မှုများပြုလျှင် အသရေဖျက်မှု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်မှုဖြင့် တရားစွဲသည်။ တရားရုံးများ လျော်ကြေး၊ နစ်နာကြေး၊ ဒဏ်ငွေများချမှတ်ကာ ဒေဝါလီခံရသည့်အဆင့်အထိရောက်စေရန် လုပ်ဆောင်သည်။

ဒေဝါလီခံရသူတဦးသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်မရှိ ဟုသတ်မှတ်ထားသည်။ နိုင်ငံခြားသို့လည်း သွားလာခွင့်ပိတ်ပင်ထားသည်။ စင်္ကာပူအစိုးရသည် ပါတီနှင့်နိုင်ငံသည် တသားတည်းဖြစ် သည် ထပ်တူဖြစ်သည်ဆိုသည်ကို ပြည်သူလူထုကြားထဲတွင်ငြင်းပယ်၍မရပဲ လက်ခံရသည့်အခြေဆိုက်စေရန် လုပ်ဆောင်ထားသည်၊ ပြည်သူလူထု၏နေ့စဉ်ဘဝတွင် ဝင်ရောက်စွက်ဖက်မှုများကိုပြုနိုင်သမျှပြု၍ရရန် လုပ်ဆောင်ထားသည်။

ပြည်သူ့ရေးရာအဖွဲ့အစည်း Civil Societ များကို လွန်ဆန်ငြင်းပယ်၍မရစေရန် ဇက်ကြိုးကိုင်ထားသည်။ စင်္ကာပူ၏နိုင်ငံရေးတည်ငြိမ်မှုကို အရှင်းရှင်းအာဏာရှင်စနစ်ကျင့်သုံးနေသည့် တရုတ်၊ ဗီယက်နမ်တို့က အားကျနေသည်မှာ အမှန်ပင်။ ထို့အတူ ထိုကဲ့သို့သောအခြားနိုင်ငံများကလည်း အတုယူရန်ကြိုးပမ်းလိုကြပေမည်။ သို့သော် လွန်စွာသေးငယ်လှသည့်မြို့ပြနိုင်ငံလေးတွင်ကျင့်သုံးသည့်ပုံစံကို ကမ္ဘာ့အကြီးဆုံးအာဏာရှင်နိုင်ငံဖြစ်သော တရုတ်အတွက် နမူနာယူစရာပုံစံဖြစ်လာနိုင် မည်လောဆိုသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။ စင်္ကာပူ PAP ပါတီသည် ပြည်သူပြည်သားများ၏ လူမှုဖူလုံရေးကိစ္စများကို အလေးထားဆောင်ရွက်ပေးသည်။ အစိုးရထိပ်တန်းဝန်ကြီးများကို လစာကောင်းကောင်းပေးထားသည်။ တနှစ်လျှင် ဒေါ်လာတသန်းလောက်အထိ ပေးထားသည်။ အစိုးရအဖွဲ့၏လုပ်ဆောင်ချက်များသည် အလွယ်တကူသိမြင်နားလည်နိုင်ခြင်းမရှိသော်လည်း ကမ္ဘာပေါ်တွင် အကျင့်ပျက်လာဘ်စားမှုအနည်းဆုံးနိုင်ငံများထဲမှ တနိုင်ငံဖြစ်သည်။ ဤသို့သောနည်းလမ်းများဖြင့် အာဏာရပါတီများသည် နိုင်ငံရေးအာဏာကို ဆက်လက်ချုပ်ကိုင်နိုင်ရန်ကြိုးပမ်းသလို ထိုသို့လုပ်ဆောင်ရန်အတွက် လိုအပ်သောပတ်ဝန်းကျင်ကိုလည်း ဖန်တီး ထားပေသည်။

ဒီမိုကရေစီနိုင်ငံမဟုတ်သောစင်္ကာပူတွင် စီးပွားရေးတိုးတက်နေချိန်တွင် တရုတ်သည်လည်း စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန်လုပ်ဆောင်ရင်း နိုင်ငံရေးအရအာ ဏာရှင်စနစ်ကို ဆက်လက်ရှင်သန်ရေးအတွက် ကြိုးစားနေသည်။ ၁၉၈၆ ခုနှစ်တွင် တရုတ်ခေါင်းဆောင် တိန်ရှောက်ဖိန်သည် ဝန်ကြီးချုပ်ကျောက်ကျိယန်အား နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာများကို လေ့လာရန် အဖွဲ့တဖွဲ့ဖွဲ့စေခဲ့သည်။ ထိုအယူအဆကိုလည်း တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်များထဲတွင်လည်း လက်ခံကြသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မလုပ်လျှင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်အကောင်အထည်ဖော်၍မရဆိုသည့် အချက်အပေါ် သဘောတူကြသည်။ ကျောက်ကျိယန်သည် ဒေသန္တရအဆင့် ပါတီရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ခွင့်များပြုစေလိုသည်။ သူ၏ရည်မှန်းချက်ပန်းတိုင်မှာ လွတ်လပ်သောဒီမိုကရေစီ စနစ်ဆီသို့ပြောင်းလဲရန်မဟုတ် လွတ်လပ်မှုများရှိစေရန်ပြုလုပ်ထားသည့် ကွန်မြူနစ်စနစ်ဖြစ်သည်။ ပါတီက ပိုမိုတာဝန်ခံကာ ပိုမိုသိမြင်နားလည်လွယ်ရန် လုပ်ဆောင်ထားသည့်စနစ်ဖြစ်သည်။ တိန်ရှောက်ဖိန်ကိုယ်တိုင်က အာဏာရှင်စနစ်ကို လက်မလွှတ်နိုင်ကြောင်းနှင့် ဒီမိုကရေစီ၏အနှစ်သာရအတိုင်း လိုက်နာအကောင် အထည်ဖော်နိုင်မည်မဟုတ်ကြောင်းကိုဆိုသည်။ ပါတီဗဟိုကော်မတီက ၁၉၈၇ ခုနှစ် အောက်တိုဘာလတွင် ပြုပြင်

ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အတည်ပြုခဲ့သည်။

သို့သော် ၁၉၈၉ ခုနှစ် ဧပြီလတွင် ပါတီခေါင်းဆောင်ဟောင်း ဟူယောင်ဘန် ကွယ်လွန်ခဲ့သည့်အခါ စျာပနကို နိုင်ငံတော်အခမ်းအနားနှင့် ကျင်းပခြင်းမပြုပဲ သာမန်အနေဖြင့် ကျင်းပခြင်းအပေါ် ပီကင်းတက္ကသိုလ်ကျောင်းသားများနှင့် အခြားပီကင်းမြို့နေများက မကျေမနပ်ဖြစ်ပြီး ပေါက်ကွဲမှုများနှင့်အတူ အစိုးရ၏အကျင့်ပျက် လာဘ်စားမှုများနှင့် တရုတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်ဖော်ပြထားသည့် လွတ်လပ်ခွင့်များကိုပေးရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။

ဒီမိုကရေစီနှင့် ထောင်ပေါင်းများစွာသော ချီတက်ပြသောဆန္ဒပြသူများအား တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲများကြည့်ကာ ခြောက်ခြားသွားသည်။ ထို့ကြောင့် မေလ ၂၀ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးဥပဒေကိုထုတ်ပြန်ကြေညာခဲ့လေသည်။ ဇွန်လ ၄ ရက်နေ့တွင်မူ မြန်မာနိုင်ငံက ဩဂုတ်လ ၈ ရက်နေ့ ရှစ်လေးလုံးအဖြစ်အပျက်ကဲ့သို့ပင် ကမ္ဘာကျော်တိန်အန်မင်သတ်ဖြတ်မှုကြီး ဖြစ်ပွားခဲ့လေတော့သည်။ လက်နက်မဲ့ဆန္ဒပြသူများကို သတ်ဖြတ်နှိပ်ကွပ်ခဲ့လေသည်။ ကျောက်ကျိယန်နှင့် ပြုပြင်ပြောင်းလဲရေးသမားများလည်း ရာထူးမှ ဖြုတ်ချခံခဲ့ရလေသည်။ သို့သော် ယနေ့တရုတ်နိုင်ငံသည် ၁၉၈၉ ခုနှစ်တုန်းကကဲ့သို့မဟုတ်ပေ။ ပိုမိုပွင့်လင်းလာသည် အများသဘောအမြင်များကို ယခင်ကထက် ပိုမိုအလေးထားလာသည်။

ယခင်ကကျင့်သုံးနေခဲ့သည့် ပါတီ၏ဝါဒဖြန့်ချိရေး ကြွေးကြော်သံများ ဆောင်ပုဒ်များမရှိတော့ပေ။ ချမ်းသာကြွယ်ဝလာ သောသူများအား ပါတီတွင်း၌ ရာထူးနေရာများပေးလာသည်။ ကွန်မြူနစ်ပါတီဝင်မဟုတ်သူ စီးပွားရေးလုပ်ငန်းရှင်များ ဗဟိုကော်မတီဝင်များဖြစ်လာကြသည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် အပြန်အလှန်ညှိနှိုင်း အပေးအယူလုပ်လာသည့် ကွန်မြူနစ်ပါတီဖြစ်လာသည်။ ထိုလုပ်ရပ်များက ကွန်မြူနစ်ပါတီဆိုသည်မှာ မည်ကာမတ္တမျှသာဖြစ်ပြီး အာဏာဆက်လက်ချုပ်နိုင်ရေးအတွက် ပြယုဂ်အနေဖြင့်ပြထားသည့် သဘောဖြစ်နေသည်။ ထို့ကြောင့် တရုတ်ကွန်မြူနစ်ပါတီသည် အမည်ခံကွန်မြူနစ်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးအာဏာရှင် တရုတ်သည် လိင်တူဆက်ဆံမှု၊ ဆန့်ကျင်ဘက်လိင်ဝတ်စားဆင်ယင်မှုများကို လွတ်လပ်စွာခွင့်ပြုသော်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကို လုံးဝခွင့်မပြုပေ။ အာဏာရှင်တရုတ်သည် ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်နေသည့်နိုင်ငံတနိုင်ငံဖြစ်နေသေးသည်။ စာနယ်ဇင်းသမား ရှေ့နေ၊ ပြည်သူ့ရေးရာလှုပ်ရှားသူ၊ ပညာရှင်နှင့် အခြားမည်သူမဆို တရုတ်အစိုးရကျင့်သုံးနေသောစနစ်ကို ဆန့်ကျင်စိမ်ခေါ်သူမှန်သမျှကို ဖမ်းဆီးသည်၊ ထောင်ချသည်၊ နေအိမ်အကျယ်ချုပ်ချသည်။

သို့သော် တရုတ်အာဏာရှင်စနစ်သည် ခေတ်မီတိုးတက်သောနည်းလမ်းများကို သုံးစွဲလာသည်။ လူမိုက်ဆန်ဆန်မိုက်ရူးရဲလုပ်ရပ်များကို ကျင့်သုံးခြင်းထက် ပိုမိုကောက်ကျစ်စဉ်းလဲသော ခေတ်မီနည်းစနစ်များဖြင့် နှိပ်ကွပ်မှု၊ ခြိမ်းခြောက်မှုများပြုလုပ်လာသည်။ ပြည်သူ့ရေးရာအဖွဲ့အစည်းများအတွင်း စိမ့်ဝင်ထိုးဖောက်သည်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းဖက်လုပ်ဆောင်သည်။ ကျောင်းသား၊ ကုန်သည်၊ ဈေးသည်၊ ပညာရှင်များကြားတွင် ကိုယ့်လူသူ့ဘက်သားများကို မွေးမြူထည့်သွင်း ထားသည်။ လူပေါင်း ၃၀,၀၀၀ ကို ကွန်ပြူတာနှင့် အင်တာနက် ကျွမ်းကျင်သူများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးပြီး အင်တာနက်ပုလိပ်များလုပ်ခိုင်းထားသည်။ တရုတ်ပြည်မှအင်တာနက်သည် နိုင်ငံ၏လုံခြုံရေးနှင့် သတင်းအချက်အလက် မပေါက်ကြားရေးဟူသော စကားလုံးများသုံးကာ နိုင်ငံတွင်းရှိ ၃၉ သန်းသော ဘလော့ဂါများအပါအဝင် သန်းရာနှင့်ချီရှိသော အင်တာနက်သုံးစွဲသူများကို စောင့်ကြပ်ကြည့်ရှုနေသည်။ ဒီမိုကရေစီ လူ့အခွင့်အရေး ဖာလွန်ဂေါင် ဘာသာရေးအဖွဲ့၊ ဇွန်လ ၄ ရက် စကားလုံးများသည် နိုင်ငံအားနှောင့်ယှက်ဖျက်ဆီးသော စကားလုံးအဖြစ်သတ်မှတ်ကာ သုံးစွဲသူများကိုနှိပ်ကွပ်သည်။

နိုင်ငံ၏ကြီးမားလာသောဈေးကွက်အင်အားကို နိုင်ကွက်အဖြစ်ကိုင်ကာ Google, Yahoo, Microsoft ကဲ့သို့သော နိုင်ငံတကာ ကုမ္ပဏီကြီးများကို မိမိတို့ဘာသာမိမိတို့ ဆင်ဆာလုပ်ပြီး တရုတ်ပြည်သူများထံ သတင်းအချက်အလက်များ ပေးပို့ဖြန့်ချိခြင်းပြုလုပ်ရန်လုပ်ဆောင်ထားသည်။ ထိုကဲ့သို့သော အကြောင်းရင်းများက တရုတ်နိုင်ငံတွင် အာဏာရှင်စနစ် ဆက်လက်အမြစ်တွယ်နိုင်မြဲနေဦးမည်ဟု မှတ်ယူတွက်ဆနိုင်ပေသည်။ သို့သော်လည်း ပြုပြင်ပြောင်းလဲမှုများ ကမ္ဘာ့အကြီး ဆုံးဈေးကွက်ကြီးကို ယခုထက်ပိုမိုဖွင့်ပေးရမည်ဖြစ်သည်။ သို့မှသာ ဆင်းရဲမွဲတေမှုအဆင့်ကိုကျော်လွန်လာသည့် သန်းပေါင်း ၂၅၀ သောပြည်သူများအပါအဝင် နောက်ထပ်ကျန်နေသော ဆင်းရဲသားပြည်သူအများစု တိုးတက်ရေးကို ဆက်လက်လုပ်ဆောင်မှသာ ကွန်မြူနစ်အမည်ခံ တရုတ်ခေါင်းဆောင်များ ဆက်လက်အာဏာချုပ်ကိုင်နိုင်ပေမည်။ စီးပွားရေးတိုးတက်မှုနှင့်အညီ လိုက်ပါပြောင်းလဲလာသည့် လူနေမှုဘဝက တရုတ်နိုင်ငံတွင် စာနယ်ဇင်း စောင်ရေ ၃ ဆတိုးတက်များပြားလာ သည်။ စာအုပ်ထုတ်ဝေမှုအရေအတွက်နှင့် အမျိုးအစား ၁၁ ဆ တိုးမြင့်လာသည်။ ဤသည်က လူမှုအသိုင်းအဝိုင်းအတွင်း အပြောင်းအလဲဖြစ်သည်။

ပြည်သူလူထုအပေါ်ခေတ်မီနည်းလမ်းများဖြင့် ထိန်းချုပ်ကာ အာဏာဆက်လက်ချုပ်ကိုင်ရေးလုပ်နေသည့် တရုတ်ခေါင်းဆောင်အဆင့်ဆင့်သည် ပညာတတ်များ၊ စနစ်တကျလေ့ကျင့်ထားသူများဖြစ်လာသည်။ ချီကာဂိုတက္ကသိုလ်မှ တရုတ်ပြည်ဖွား နိုင်ငံရေးသိပ္ပံပညာရှင်တဦးဖြစ်သည့် Dali Yang ပြောဆိုချက်အရဆိုလျှင် တရုတ်ခေါင်းဆောင်များ ထက်မြက်လာသည်၊ အရည်အချင်းပြည့်မီလာသည်၊ အကောင်းမြင်လာသည်။ ဒီမိုကရေစီတော့မဆန်ပေ။ ဤသည်က တရုတ်ခေါင်းဆောင်များကို အာဏာပလ္လင်ပေါ်တွင် ဆက်လက်မြဲမြဲစွာ ထိုင်နိုင်ရေးအတွက် အာမခံချက်ပေးနိုင်မည်လောဆိုသည်မှာ စဉ်းစားစရာဖြစ်သည်။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှု၊ လွတ်လပ် မှုတို့သည် အပြန်အလှန်မှီခိုနေသည် အပြန်အလှန်ဆက်စပ်နေသည် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးသည် အစိုးရများအတွက် အရေးကြီးသောလုပ်ငန်းတခုဖြစ်သကဲ့သို့ ပြည်သူများအလိုရှိသောအရာလည်း ဖြစ်ပေသည်။

လူထု၏လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရေးတွင် အတုအယောင် အမည်ခံဆိုသည်ထက် အစစ်အမှန်နည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းသည် လူထုအတွက်ရော အစိုးရများ နိုင်ငံရေးခေါင်းဆောင်များအတွက်ပါ အကျိုးရှိသော အရာဖြစ်သည်။ ယနေ့ခေတ် ကာလတွင် မည်သူတဦးတယောက်မျှ မည်သည့်အဖွဲ့အစည်းများ မည်သည့်အကြောင်းအရာမျှ သီးခြားရပ်တည်ရှင်သန်တည်တံ့နေသည့် ခေတ်ကာလမဟုတ်တော့ပေ။ ထို့ကြောင့် ခေတ်ကာလအခြေအနေပြောင်းလဲလာနေသော လူမှုအသိုင်းအဝိုင်းနှင့်လိုက်လျောညီထွေသော စနစ်အတွေးအခေါ် အယူအဆ နည်းလမ်းများကို လက်ခံကျင့်သုံးနိုင်ရေးသည် အရေးကြီးလှပေသည်။

---

# မူးယစ်အထူးတပ်ဖွဲ့ ဘိန်းခွန်ကောက်နေ

**DVB ၊ ဒီဇင်ဘာ ၁၅ ။** ။ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မူးယစ်အထူးတပ်ဖွဲ့က ဒေသခံမူးယစ်ဆေးဝါး ရောင်းသူတွေဆီက လစဉ်ဆက်ကြေးကောက်ပြီး ရောင်းဝယ်ခွင့်ပြုနေတယ်လို့ ဒေသခံတွေဆီက သတင်းရရှိပါတယ်။

မူဆယ်မြို့နယ်၊ စွန်စော်ရွာ ရဲကင်းမှူး ဘရန်ဒီးနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးတပ်ဖွဲ့ဝင်တွေဟာ မူဆယ်မြို့နယ်၊ ဝိန်းနန်းရွာထဲက မူးယစ်ဆေးဝါးရောင်းဝယ်သူ ၁၀ ဦးဆီက တဦးကို တလ ကျပ် ၃ သိန်းနှုန်း ကောက်ခံနေတာလို့ ဒေသခံတဦးက ပြောပြပါတယ်။

"စွန်စော်ရွာမှာ စွန်စော်ရဲကင်းမှာ ဆရာကြီးဘရန်ဒီးရှိပါတယ်၊ ဝိန်းနန်းရွာမှာ ဆေးရောင်းနေတဲ့သူ ၁၀ ယောက်ရှိပါတယ်။ အဲဒါ တလမှာဆို ၃ သိန်းကောက်ပါတယ်။"

ဒီအဖွဲ့ဟာ ဝိန်းနန်းရွာကနေ ပြန်လာသူတွေကိုလည်း ဖမ်းဆီးပြီး မူးယစ်ဆေးဝါးသုံးစွဲတယ် ဆိုတဲ့ စွပ်စွဲချက်နဲ့ မကြာခဏ ငွေညှစ်တာတွေလည်း လုပ်နေတယ်လို့ အဲဒီဒေသခံက ပြောပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကိုယ်နှိုက်က ဆက်ကြေးတောင်းပြီး ဘိန်း ခန်းဖွင့်ထားခိုင်းသလို ဒေသခံတွေကိုလည်း မူးယစ်ဆေးဝါးသုံးစွဲတယ်ဆိုပြီး ငွေညှစ်နေတာကြောင့် ဒေသခံတွေက မကြေမနပ်ဖြစ်နေကြပါတယ်။

# သဘာဝဓာတ်ငွေ့မှ ဝင်ငွေကို လယ်ယာဖွံ့ဖြိုးရေးသုံးရန် စီးပွားရေးပညာရှင်အကြံပြု

**DVB၊ ဒီဇင်ဘာ ၁၇။** ။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ရောင်းလို့ရတဲ့ သန်းရာချီရှိတဲ့ ဒေါ်လာငွေတွေကို အစိုးရက စနစ်တကျအသုံးချမယ်ဆိုရင် မြန်မာနိုင်ငံဟာ ခေတ်သစ်တခုဆီဦးတည်တဲ့ တိုးတက်မှုတွေရလာမှာ ကျိန်းသေတယ်လို့ နေပြည်တော်ရောက် စီးပွားရေးနိုဘယ်လ်ဆုရှင်က အကြံပြုလိုက်ပါတယ်။

နေပြည်တော်မှာ အင်္ဂါနေ့က ကျင်းပတဲ့ အာရှဆန်အိုး ပြန်လည်တည်ဆောက်ရေးဆွေးနွေးပွဲမှာ နိုဘယ်လ်ဆုရ စီးပွားရေးပညာရှင် ကမ္ဘာ့ဘဏ်အကြံပေးပုဂ္ဂိုလ် ဒေါက်တာစတစ်(ဂ်)လစ်(ဇ်) က တိုက်တွန်းသွားတာပါ။ ဒါဟာ စီးပွားရေးနဲ့နိုင်ငံရေးကို သီးသန့်ခွဲထားလို့မရနိုင်ဘူးလို့အကြံပြုပြီးတဲ့နောက် ဆက်တိုက်ကြားလာရတဲ့ အချက်တွေဖြစ်တာကြောင့် ဒီအချက်တွေအပေါ် စစ်အစိုးရတာဝန်ရှိသူတွေက လက်ခံစဉ်းစားပါ့မလားဆိုပြီး မေးခွန်းထုတ်သူတွေလည်း ရှိနေပါတယ်။ စတစ်(ဂ်)လစ်(ဇ်)ရဲ့ အကြံပြုချက်ကို မြန်မာစစ်အစိုးရဘက်က လက်ခံစဉ်းစားမယ်လို့ထင်ကြောင်း၊ အဲဒီ အကြံပြုချက်ကို နိုင်ငံတကာစီးပွားရေးဂျာနယ်မှာ ထည့်သွင်းရေးသားဖို့ ပြင်နေတယ်လို့ အဲဒီဂျာနယ် အယ်ဒီတာချုပ် ခင်မောင်ညို (ဘောဂဗေဒ)က ပြောပါတယ်။

"ဈေးငွေ၊ မြေဩဇာ၊ ပိုးသတ်ဆေး အဲဒီဟာတွေ ပိုပြီးရအောင်လုပ်ပေးဖို့ အလျင်အမြန် အကောင်အထည်ဖော်ပေးနိုင်ဖို့ အလားအလာများပါတယ်။ ဂက်စ်ကရတဲ့ဟာကို သေချာစနစ်တကျသုံးမယ်ဆိုရင် မြန်မာခေတ်သစ်တခေတ်ကို ဖြစ်နိုင်တယ်ဆိုတဲ့ဟာမျိုးပေ့ါ။ ဒါတွေက လက်တွေ့ဖြစ်နိုင်ပါတယ်၊ သူ့ကို လက်ခံတယ်၊ သူပြောတာတွေကို နားထောင်တယ်ဆိုကတည်းက နည်းနည်းနောနော အောင်မြင်မှု မဟုတ်ဘူးလို့ ယူဆပါတယ်။"

"မူဝါဒချမှတ်တဲ့သူတွေ၊ အကောင်အထည်ဖော်တဲ့သူတွေကို သူတိုက်ရိုက်ပြောနိုင်တဲ့ အခွင့်အလမ်းရခဲ့တယ်။ ဒါဟာ ဒီဘက်က သူ့ကို Welcome လုပ် (ကြိုဆိုလက်ခံ) တဲ့သဘောပေ့ါ၊ အားလုံးတော့ သူအကြံပြုတဲ့အတိုင်း အားလုံးကတော့ ရုတ်တရက်လုပ်နိုင်ဖို့တော့ သိပ်မလွယ်ဘူးပေ့ါ။ ဒါပေမယ့် လုပ်လိမ့်မယ်လို့လည်း ယူဆစရာလေးတွေ တွေ့ရတယ်။"

ဒေါက်တာ စတစ်(ဂ်)လစ်(ဇ်)နဲ့ ကိုယ်တိုင်တွေ့ဆုံခွင့်ရခဲ့သူ ယူနီဆက်ဝန်ထမ်းဟောင်း ဒေါက်တာခင်ဇော်ဝင်းကလည်း စတစ်(ဂ်)လစ်(ဇ်)ရဲ့ အကြံပြုချက်တွေဟာ လက်တွေ့ကျတဲ့အတွက် နအဖဘက်က စဉ်းစားလိမ့်မယ်လို့ ယူဆထားပြီး အထူးသဖြင့် လယ်သမားတွေကို အမတော်ကြေးတိုးပြီး ထုတ်ပေးတာမျိုးဟာ ချက်ချင်းဖြစ်လာနိုင်တယ်လို့ ပြောပါတယ်။ လယ်ယာစိုက်ပျိုးရေးဘဏ်က အရင်က လယ်တဧကကို ကျပ် ၈,၀၀၀ ပေးခဲ့ပြီး အခုဆိုရင် ကျပ် ၁၀,၀၀၀ ပဲ ပေးနေတာပါလို့ ဒေါက်တာခင်ဇော်ဝင်းက ထောက်ပြပါတယ်။

"တချို့လယ်သမားတွေက အဲဒါကို လက်ဖက်ရည်ဖိုးပဲရှိတယ်တဲ့၊ တချို့ကလည်း မြက်နုတ်ခပဲရှိတယ်တဲ့။ လိုတာက ၁၀၀,၀၀၀ ဝန်းကျင်မှာ အကြွေးစနစ်လိုနေတာပေ့ါ။ ကုန်ဈေးနှုန်းတွေကလည်း များတယ်။ ဓာတ်မြေဩဇာ၊ ဒီဇယ်ဆီ၊ မျိုးစပါးဝယ်ရမယ်။ အလုပ်သမားခရှိသေးတယ်၊ ဒါတွေက အရင်ကသတ်မှတ်ထားတဲ့ ငွေလောက်နဲ့ရမှမရတော့ပဲ။ "

"လယ်သမားတွေအတွက် ပိုပြီးတော့ ခံစားရအောင် နိုင်ငံခြားပို့တဲ့ အိတ်ချ်စပို့ဈေးတွေ...ဒါမျိုးက ပေါ်လစီပြောင်းရုံပဲလေ။ ပညာရေးမှာဆိုရင် စိုက်ပျိုးရေးပညာတခုတည်းပဲ၊ ဆိုပါဦးတော့ အနှစ် ၂၀ နိုင်ငံခြားကိုသွားပြီး လယ်ယာစိုက်ပျိုးရေးပညာကို ဆည်းပူးနိုင်တဲ့ အခွင့်အလမ်းကပြတ်သွားခဲ့တယ်။ လက်ရှိပညာရှင်တွေဆိုရင် အသက်တွေက ပင်စင်ယူခါနီးတွေဖြစ်ကုန်ပြီ။ ဒီဥစ္စာကို ကျနော်တို့အမြန်ဆုံးဆောင်ရွက်ပြီးတော့ ကြိုးပမ်းဖို့လိုပါလိမ့်မယ်။"

နိုဘယ်လ်ဆုရှင် ဒေါက်တာ စတစ်(ဂ်)လစ်(ဇ်)ဟာ ပုဂံ ညောင်ဦး မန္တလေးနဲ့ စတဲ့ အပူပိုင်းဒေသတွေကို ခရီးထွက်နေပါတယ်။ စနေနေ့မှာ မြန်မာနိုင်ငံက ပြန်လည်ထွက်ခွာမယ်လို့ ယူဆရပြီး တနင်္လာနေ့မှာ သူရဲ့ခရီးစဉ်အကြောင်းကို စင်ကာပူနိုင်ငံမှာ သတင်းစာရှင်းပွဲလုပ်ဖို့ရှိပါတယ်။

# အဖွဲ့ချုပ် ဗဟို ပြောင်းလဲဖွဲ့စည်းမည်ကို တောင်းဆိုသူများ ဝမ်းမြောက်

**DVB၊ ဒီဇင်ဘာ ၁၈။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီကိုပြင်ဆင်ဖွဲ့စည်းပြီး ဗဟိုကော်မတီတိုးချဲ့မယ့်အရေးကို အဲဒီလိုဖြစ်လာဖို့ နှစ်နဲ့ချီတောင်းဆိုခဲ့တဲ့ ပါတီဝင်တွေက ကြိုဆိုလိုက်ကြပါတယ်။

အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ပါတီထိပ်ပိုင်း ခေါင်းဆောင်သုံးဦးကို ဂါရဝပြုစဉ်မှာ (စီအီးစီ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ တိုးချဲ့ဖို့၊ စီစီ (ဗဟိုကော်မတီ) တိုးချဲ့ဖွဲ့စည်းဖို့ကိစ္စကို သူဦးဆောင်ပြီး ဆောင်ရွက်ချင်တယ်လို့ ပန်ကြားခဲ့ပြီး ဒီအပေါ် သဘောတူခဲ့ကြပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ တစိုက်မတ်မတ် တောင်းဆိုနေသူတွေက ကြိုဆိုလိုက်တာပါ။ မန္တလေးတိုင်း အဖွဲ့ချုပ် မိတ္ထီလာမြို့နယ် အတွင်းရေးမှူးဒေါ်မြင့်မြင့်အေးက "ကျမတို့ အင်မတန်ဝမ်းသာတယ်၊ ပြန်လည်ဖွဲ့စည်းရေးကို အန်တီအနေနဲ့ခွင့်တောင်းတယ်၊ ခွင့်ပြုတယ်၊ ကျမတို့ရှေ့ဆက်ပြီးတော့ ဒီမိုကရေစီနည်းကျကျနဲ့ တကယ့်ကို ပါတီဖွဲ့စည်းပုံကျကျလုပ်နိုင်ဖို့ ကျမတို့အများကြီး မျှော်လင့်ပါတယ်" လို့ ပြောပါတယ်။

"ရှိနေတဲ့သူတွေနဲ့ တကယ် ဒီမိုကရေစီနည်းကျကျ စီစီကို တိုးချဲ့ဖွဲ့စည်းနိုင်ဖို့ ကျမတို့အများကြီး တောင်းဆိုချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်မြောက်ရေးအတွက် ဦးဆောင်နိုင်ဖို့ ကျမတို့အများကြီး မျှော်လင့်ပါတယ်။" ဒီလို ပြန်လည်ဖွဲ့စည်းတဲ့အခါမှာ အကြောင်းကြောင်းကြောင့် ပါတီကနေ ထုတ်ပယ်ထားသူတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုတယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။ အဖွဲ့ချုပ်မှာ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ၁၁ ဦးရှိပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးခင်မောင်ဆွေတို့က ၆၀ ကျော် တန်းတွေဖြစ်ပြီး ကျန်သူတွေအားလုံးက အသက် ၈၀၊ ၉၀ တွေဖြစ်ပါတယ်။ အဲဒီထဲက တနေ့က ကန်တော့ခံတဲ့ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်နဲ့ စီအီးစီ ဦးလွန်းတင်တို့ သုံးဦးဟာလည်း ကျန်းမာရေးကြောင့် အစည်းအဝေးအတော်များများကို မထိုင်နိုင်ဖြစ်နေပါတယ်။

အဖွဲ့ချုပ် မကွေးတိုင်း အမျိုးသမီးအဖွဲ့တာဝန်ခံ ဒေါ်ခင်စောဌေးကလည်း အဖွဲ့ချုပ် ဗဟိုကော်မတီ ပြန်လည်ပြုပြင်ဖွဲ့စည်းမယ့် အစီအစဉ်ကို ကြိုဆိုပါတယ်။

"၂၀၁၀ က တိုင်းပြည်ရဲ့ ကံကြမ္မာကို တကယ် အပြောင်းအလဲပေးမယ့် နှစ်ကိုး၊ ဒီ ၂၀၁၀ က ဘုရင့်နောင် ဖောင်ဖျက်ပြီးသားဖြစ်ရမှာဆိုတော့ အင်မတန်မှလည်း ကျမတို့ခေါင်းဆောင်ရဲ့ ဉာဏ်အမြော်အမြင်ကြီးမှုကို လေးစားပါတယ်၊ ကျမတို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ဆုံးဖြတ်ချက်တွေဟာ မှားမယ်လို့လည်း မထင်ပါဘူး။"

ဒီလို ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ ဦးဆောင်တိုက်တွန်းခဲ့သူတဦးဖြစ်တဲ့ ပဲခူးတိုင်း ပဲခူးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှကလည်း "ကျနော်တို့က အလွန်ဝမ်းမြောက်တယ်ဗျာ" လို့ ပြောပါတယ်။

"လူငယ်တွေ တက်လာလို့ရှိရင် အန်အယ်လ်ဒီရဲ့ စည်းရုံးရေးက ပိုပြီးတော့ သွက်လက်လာလိမ့်မယ်၊ ပိုပြီးတော့ ထက်မြက်စူးရှလာလိမ့်မယ်လို့ ကျနော်တော့ထင်တယ်။" ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မယ့် ဗဟိုအလုပ်အမှုဆောင်ကော်မတီပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်းစဉ် ဘယ်တော့စမယ်ဆိုတာတော့ မသိရသေးပါဘူး။

**ဒီဇင်ဘာ ၁၄ ၊ InnerCityPress ။ ။** မြန်မာဆိုင်ရာ ကုလသမဂ္ဂအထူးသံအဖြစ် ဂမ်ဘာရီ၏ရာထူးဆက်ခံရန် အိန္ဒိယမှ Vijay Nambair အားခန့်အပ်မည်ဖြစ်ကြောင်း။

**ဒီဇင်ဘာ ၁၈ ၊ RGN ။ ။** နိုင်ငံရေးအကျဉ်းကျနေသော ရှမ်းအဲန်အဲလ်ဒီမှ ဦးခွန်ထွန်းဦး ကျန်းမာရေးအခြေအနေချို့တဲ့ ဆိုးဝါးနေကြောင်း။

**ဒီဇင်ဘာ ၁၅ ၊ BJG/RGN-Rtrs ။ ။** တရုတ် ဒု–သမတ Xi Jinping သည် မြန်မာသို့ ယခုအပတ်ထဲရောက်စဉ် နယ်ခြားအေးချမ်းရေးကို အဓိကဆွေးနွေးဖွယ်ရှိ၏။

**ဒီဇင်ဘာ ၁၆ ၊ EarthTimes ။ ။** သဘာဝဓာတ်ငွေ့မှ ဝင်ငွေ ဒေါ်လာသန်းချီရနေရာ အစိုးရမှ စနစ်တကျသုံးလျှင်ခေတ်သစ်သို့ဦးတည်ကာ တိုးတက်မည်ဟု နေပြည်တော် ရောက် စီးပွားပညာရှင် နိုဘဲလ်ဆုရှင် ကမ္ဘာ့ဘဏ်အကြံပေးဟောင်း ဒေါက်တာ စတစ်ဂလစ်တ်ဇ်မှဆို၏။

**ဒီဇင်ဘာ ၁၆ ၊ RGN-AFP ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အဲန်အဲလ်ဒီပါတီမှ ဦးအောင်ရွှေ ၉၂ နှစ် ဦးလွင် ၈၅ နှစ် ဦးလွန်းတင် ၈၉ နှစ်တို့အား အစိုးရဂေဟာတွင် ၄၅ မိနစ်ကျော် တွေ့ဆုံဂါရဝပြုဆွေးနွေးခွင့်ရခဲ့၏။ ပါတီပြုပြင်ဖွဲ့စည်းရန် ၂၀၀၃ ထဲကမတွေ့ရသော ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း ဦးလွင်မှဆို၏။

**ဒီဇင်ဘာ ၁၆ ၊ AP ။ ။** မြန်မာ၊ အီရန် သို့မဟုတ် ဆူဒန် တနိုင်နိုင်ငံသို့ဦးတည်သည်ဟုယူဆသော မြောက်ကိုရီးယားမှလက်နက်သယ်လေယဉ်အား အမေရိကန်သတင်းပေးချက်ဖြင့် ထိုင်းမှ စစ်ဆေးဖမ်းမိ၏။

**ဒီဇင်ဘာ ၁၆ ၊ Bloomberg ။ ။** နအဖသည် ဒေါ်စုအား တွေ့ခဲ့ရသော အဲန်အဲလ်ဒီခေါင်းဆောင်သုံးဦးအပြင် အားလုံးနှင့်တွေ့ခွင့်ပေးသင့်ကြောင်း အမေရိကန်မှ ဆို၏။

**ဒီဇင်ဘာ ၁၆ ၊ ChristianNewsWire ။ ။** ဝါးပွင့်တမျိုးကြောင့် ကြွက်များသောင်းကျန်းမှုကြောင့် ချင်းပြည်နယ်တွင် ငတ်မွတ်ခေါင်းပါးခြင်း ကပ်နှင့်ရင်ဆိုင်နေရကြောင်း။

**ဒီဇင်ဘာ ၁၆ ၊ JKT-XNA ။ ။** မြန်မာသည် ဒီမိုကရေစီဖြေကိုရှာဖွေတွေ့ မည်ဟု ယုံကြည်ကြောင်း၊ အချိန်ပိုင်းသာဖြစ်ကြောင်း အာဆီယံထိပ်သီးသံတမန်များမှဆို၏။

**ဒီဇင်ဘာ ၁၆ ၊ DVB ။ ။** နအဖသည် ဒေါ်အောင်ဆန်းစုကြည်အား အဲန်အဲလ်ဒီလူကြီး ၃ ဦးနှင့်တွေ့ခွင့်ပေးမှုအပေါ် မြန်မာ ပြည်တွင်းပြည်ပမဟာမိတ်များမှကြိုဆို၏။

**ဒီဇင်ဘာ ၁၆ ၊ DVB ။ ။** ယာယီနိုင်ငံကူးလက်မှတ်အရေး မြန်မာဘက်မှကြန့်ကြာနေကြောင်း၊ လျှောက်သူမြန်မာ ၈ သောင်းအနက် ၃ သောင်းသာစိစစ်ပြီးကြောင်း။

**ဒီဇင်ဘာ ၁၆ ၊ COPENHAGEN ။ ။** ဥရောပြမြို့တွင်ကျင်းပနေသောအပြည်ပြည်ဆိုင်ရာညီလာခံတက်နေသော ဝန်ကြီးဦးဉာဏ်ဝင်းအား ဒီမိုကရေစီအင်အားစုမှ ဆန္ဒပြခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၇ ၊ DVBအာဘော် ။ ။** အမေရိကန်စီးပွားရေးပါရဂူ J. Stiglitz သည် မြန်မာပြည်ပြန်လည်တိုးတက်ရေးအတွက် နည်းများမှာ သိပြီးသားနှင့် နအဖမူနှင့် တိုက်ရိုက်ဆန့်ကျင်သည်ဟုယူဆရသောမူများဖြစ်၏။

**ဒီဇင်ဘာ ၁၇ ၊ Mizzima ။ ။** စီးပွားရေးနှင့်နိုင်ငံရေးသည် ခွဲမရ၍ မြန်မာသည် ဘက်စုံပါဝင်သည့် စီးပွားရေးလုပ်ငန်းစဉ်ကို ကျင့်သုံးရန်လိုကြောင်း နိုဘဲလ်ဆုရှင် Joseph Stiglitz မှဆို၏။

**ဒီဇင်ဘာ ၁၇ ၊ Mizzima ။ ။** အာရှတိုးတက်ရေးဘဏ်သည် မရေးရာ မသေချာ မြန်မာသို့ကုန်သွယ်ဘဏ္ဍာရေးပြေပြစ်ရေး စီမံကိန်းတိုးချဲ့ရန်စိတ်မဝင်စားကြောင်း။

**ဒီဇင်ဘာ ၁၇ ၊ Los Angeles Times ။ ။** ထိုင်းတွင်ဆီဝင်ဖြည့်သော လက်နက် ၁၈ သန်းဖိုးပါ မြောက်ကိုရီးယားလေယဉ်အားဖမ်းမိမှုသည် မြောက်ကိုးရီးယားအား နျူကလီယားဆွေးနွေးပွဲစားပွဲသို့ တွန်းပို့နိုင်ဖွယ်ရှိ၏။

**ဒီဇင်ဘာ ၁၇ ၊ Irrawaddy ။ ။** ဒီကေဘီအေသည် ထိုင်းမြန်မာနယ်စပ်တွင် လှေဖြင့် ကုန်ကူးမှုသာမက လူကုန်ကူးလည်းရှိကြောင်း။

**ဒီဇင်ဘာ ၁၇ ၊ DVB ။ ။** လှိုင်သာယာ ဝမ်စောင်းဟမ်အထည်ချုပ်စက်ရုံမှ အမျိုးသမီးလုပ်သားတထောင်ကျော် ယနေ့နံက် ၆ နာရီတွင် အချက် ၁၂ ချက်တောင်းဆိုဆန္ဒပြခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၇ ၊ DVB ။ ။** မြင်းခြံမှ ဒေါက်တာဝင့်သူနှင့် သံဃာတော်များအပါအဝင် ၁၆ ဦး အမှုကို မန္တလေးအိုးဘိုထောင်အတွင်း အထူးတရားရုံးမှ စစ်ဆေးပြစ်ဒဏ်စီရင်၏။

**ဒီဇင်ဘာ ၁၇ ၊ DVB ။ ။** မြန်မာ၊ အီရန် ၊ ဆူဒန်၊ လစ်ဗျား၊ ကျူးဘားစသည့် စစ်အစိုးရများဖြစ်သည့် နာမည်ပျက်စာရင်းဝင်များ၏ငွေများကို လွှဲပြောင်းပေးမှုကျူးလွန်သူ Credit Suisse ဘဏ်အား အမေရိကန်တရားရုံးမှ ပြစ်ဒဏ်ဒေါ်လာ သန်း ၅၃၀ ချမှတ်၏။

**ဒီဇင်ဘာ ၁၇ ၊ DVB ။ ။** ဒိုက်ဦးတွင် နိုင်ငံတော်မှပဲစိုက်ပြီး အသျှောင့်ထွက်ချိန်တွင် ရေလွှတ်လိုက်၍ ပဲများပျက်စီးရကြောင်း ။

**ဒီဇင်ဘာ ၁၇ ၊ DVB ။ ။** ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ ၁၃ နှစ်၊ ၁၅ နှစ်အရွယ် ၂ ဦးအား ရဲမှဖမ်း၍ ဟံသာဝတီခလေးထိန်းသိမ်းရေးဌာနသို့ပို့ရာ မိဘများမှ ကျောင်းထောက်ခံစာဖြင့် လာရွေးသော်လည်း ပြန်မထည့်ဘဲ အထက်အမိန့်ချမှ ပြန်လွှတ်မည်ဟု ရဲမှပြောကြောင်း။

**ဒီဇင်ဘာ ၁၇ ၊ NYT ။ ။** မြန်မာစစ်အစိုးရသည် မဖောက်ဘူးသည့်လူ့အခွင့်အရေးမရှိသလောက် လူ့အခွင့်အရေးဖောက်ဖျက်မှုမျိုးစုံစွာ ဆက်လက်ကျူးလွန်လျက်ရှိကြောင်း ကမ္ဘာအား ထပ်ခါတလဲလဲသတိပေးရန်လိုကြောင်း Benedict Rogers မှ ဆို၏။

**ဒီဇင်ဘာ ၁၈ ၊ DVB ။ ။** အဲန်အဲလ်ဒီဗဟိုအလုပ်မှုဆောင်ကော်မတီအား ပြင်ဆင်ဖွဲ့စည်းပြီး၊ ဗဟိုကော်မတီတိုးချဲ့မည့်အရေးကို နှစ်ချီတောင်းဆိုသူများမှ ကြိုဆိုကြောင်း။

**ဒီဇင်ဘာ ၁၈ ၊ DVB ။ ။** ဖာပွန်တွင် ကရင်နှစ်သစ်ကူးပွဲနေ့တွင် ချိန်ကိုက်ဗုံးပေါက်၍ လူ ၇ ဦး သေဆုံးရာ နအဖမှ ကေအင်ယူလက်ချက်ဟု နအဖမှစွပ်စွဲ၏။ ကေအင်ယူမှငြင်း၏။

**ဒီဇင်ဘာ ၁၈ ၊ DVB ။ ။** ကိုညီညီအောင် (ကိုကျော်ဇောလွင်) အမှုကို အင်းစိန်ထောင်တွင်း အထူးတရားရုံးတွင် ဆက်လက်စစ်ဆေး၏။ ရှေ့ရုံးချိန်းမှာ ဒီဇင်ဘာ ၂၉ ဖြစ်၏။

**ဒီဇင်ဘာ ၁၈ ၊ DVB ။ ။** ကျောင်းသားခေါင်းဆောင်ကိုကိုကြီး ၄၈ နှစ်မြောက်မွေးနေ့ရည်စူး၍ သံဃာများအား ညီတော်သူမှဒါနပြုခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၈ ၊ Mizzima ။ ။** ပါတီပြန်လည်ဖွဲ့စည်းရန် အဲန်အဲလ်ဒီ၏ခြေလှမ်းကို မြန်မာပြည်တွင်းရှိ တိုင်းရင်းသားအဖွဲ့များမှ ကြိုဆိုလိုက်ကြောင်း။

**ဒီဇင်ဘာ ၁၈ ၊ Nation ။ ။** မြန်မာစစ်အစိုးရသို့ ထိုစဉ် ထိုင်းဝန်ကြီးချုပ် Thaksin မှ ချေးရန်အကြောင်းမပြည့်စုံဘဲ နိုင်ငံပိုင်ဘတ်ငွေ ၇၆ ဘီလီယံချေးခဲ့ခြင်း အမှုစစ်ဆေးမှု အဆုံးသတ်ပိုင်းရောက်နေရာ မြန်မာသို့ဦးတည်နေကြောင်း။

**ဒီဇင်ဘာ ၁၈ ၊ ZeeNews ။ ။** မီဇိုရမ်မှမြန်မာသို့ ကီလိုမီတာ ၁၀၀ အဝေးပြေးကားလမ်းကို ရူပီးယား ၆၅ သန်းအကုန်ခံဆောက်ရန် အိန္ဒိယအစိုးရမှ သဘောတူခဲ့၏။

**ဒီဇင်ဘာ ၁၈ ၊ WTN ။ ။** မြန်မာစစ်အစိုးရအပေါ် အာဆီယံ၏ constructive engagement မူသည် မအောင်မြင်ဟု အမေရိကန်ကွန်ဂရက်ထုတ်ပြန်ချက်မှဆို၏။

# စီးပွားရေး နိုဗယ်ဆုရှင်က နေပြည်တော်တွင် မိန့်ခွန်းပြောရန် ပြင်ဆင်နေ

**DVB၊ ဒီဇင်ဘာ ၁၄ ။** ။ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးနိုဗယ်ဆုရှင် ဒေါက်တာ ဂျိုးဇက်စတီးလစ်ဟာ မနေ့က ရန်ကုန်မြို့ဆီရောက်လာပြီး မနက်ဖြန်မှာတော့ နေပြည်တော်မှာကျင်းပမဲ့ စီးပွားရေးစီမီနာမှာ စကားပြောဖို့ပြင်ဆင်နေပါတယ်။

အသက် ၆၆ နှစ်အရွယ် ၂၀၀၁ ခုနှစ်ရဲ့ စီးပွားရေးပညာဆိုင်ရာ နိုဗယ်ဆုရှင် အမေရိကန်နိုင်ငံသားဂျိုးဇက်စတီးလစ်ဟာ ကုလသမဂ္ဂဘန်ကောက်ရုံးခွဲက အရာရှိတွေနဲ့အတူ မနေ့က ရန်ကုန်မြို့ဆီ ရောက်လာပြီး ညနေပိုင်းမှာ သံတမန်တချို့ အင်ဂျီအိုဝန်ထမ်းတချို့နဲ့ အလွတ်သဘောတွေ့ဆုံခဲ့တယ်လို့ အဲဒီပွဲကို တက်ရောက်ခဲ့သူ ဒေါက်တာခင်ဇော်ဝင်းက ပြောပါတယ်၊ မနေ့ညက တွေ့ဆုံမှုအရရော၊ ဒေါက်တာဂျိုးဇက်ရေးသားခဲ့တဲ့ စာအုပ်စာတန်းတွေအရပါ မနက်ဖြန် ဆွေးနွေးပွဲဟာ မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်ခါကောင်းတခုပေါ်လာနိုင်တယ်ဆိုပြီး ဒေါက်တာခင်ဇော်ဝင်းကပြောပါတယ်။

“ထမင်းစားရင်းနဲ့ပေါ့လေ၊ စကားပြောဖြစ်ပါတယ်၊ သူက မြန်မာပြည်ကို လာချင်နေတာ ၆၇ ကနည်းက လာချင်နေတာပါတဲ့၊ အကြောင်းမညီညွတ်လို့ မရောက်ဘူးပေ့ါလေ၊ အခုလို သူလာရတာ သူဝမ်းသာတယ်ပေ့ါ။ ဘန်ကောက်မှာရှိတဲ့ ယူအန်အက်စ်အက်ဖ်က ဒေါက်တာနိုလင်းဟိန်းစာ သူက ဒါကို တာဝန်ယူပြီးတော့ ဖိတ်ဖြစ်ရတဲ့အကြောင်း၊ ပါမောက္ခ စတီးလစ်တင်မကဘူး၊ နောက်နောင်လည်း သူဖိတ်အုံးမယ်ပေ့ါ၊ နည်းနည်းလေး သူတို့ အင်တာနေရှင်နယ်ဆန်တာက ဘာလဲဆိုတော့ ပုဂ္ဂိုလ်ကျော် တယောက်သွားပြီးတော့ စင်မြင့်ပေါ်ကနေပြီးတော့ စာတမ်းတခုကို ဖတ်ရုံတင်မကဘူး၊ ဒီဖတ်တဲ့ စာတမ်းကိုတခြားပုဂ္ဂိုလ်တွေ ပညာရှင်တွေကဆွေးနွေးမယ်။ ဘာလို့လဲဆိုတော့ ပါမောက္ခ စတီးလစ်ရဲ့ ကမ္ဘာကျော်စာအုပ်ပေ့ါလေ globalization and its discontents ဆိုတာကို ဖတ်ဖူးပါတယ်၊ အများကြီးလည်း သဘောကျပါတယ်လေ၊ သိတဲ့အတိုင်းပဲ မြန်မာပြည်က ဒီစီးပွားရေးပြုပြင်ပြောင်းလဲဖို့က အများကြီးလိုနေတယ်၊ အထူးသဖြင့် ဒီလယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ပြောင်းလဲမှုတွေ အများကြီးလိုနေပါတယ်။”

မနေ့ညက ဒေါက်တာ စတီလစ်နဲ့တွေ့ဆုံခဲ့သူ ယူနီဆက် ဝန်ထမ်းဟောင်း တသီးပုဂ္ဂလ အင်ဂျီအိုဝန်ထမ်း ဒေါက်တာခင်ဇော်ဝင်းပြောသွားတာပါ၊ ဒေါက်တာစတီလစ်နဲ့အဖွဲ့ဟာ နေပြည်တော်ဆီ မော်တော်ယဉ်တွေနဲ့ထွက်ခွါသွားပြီး မနက်ဖြန်မှာတော့ စီမံကိန်းဝန်ကြီးဌာနနဲ့ လယ်ယာဝန်ကြီးဌာနတွေက ဦးစီးကျင်းပတဲ့ စီးပွားဆိုင်ရာညီလာခံမှာ သူ့ရဲ့ စီးပွါးရေးအကြံပြုချက်ကို တင်ပြမှာဖြစ်ပါတယ်။ သူတင်ပြမဲ့အချက်တွေကို အသေးစိတ် မသိရသေးပေမယ့် ကျေးလက်ဒေသဆင်းရဲမှုတိုက်ဖျက်ရေး အချက်တွေဖြစ်တဲ့ တောင်သူလယ်သမားတွေကို ချေးငွေတွေ တိုးထုတ်ပေးရေး၊ လယ်သမားတွေကို လယ်ပိုင်ခွင့်ပေးရေး၊ လယ်ယာထွက်ကုန်ဈေးနှုန်းတည်ငြိမ်အောင်လုပ်ပေးရေး၊ သဘာဝဘေးဒဏ်ခံရတဲ့ ကျေးလက်နေပြည်သူ တွေရဲ့ဘဝကို စနစ်တကျ ပြန်လည်ထူထောင်ရေးကိစ္စတွေကို အကြံပေးဘွယ်ရှိတယ် လို့ ဒေါက်တာခင်ဇော်ဝင်းကပြောပါတယ်။

နှစ်ပေါင်းများစွာအထီးကျန်နေတဲ့ မြန်မာနိုင်ငံဆီ နိုင်ငံတကာဖက်က အခုလိုမျိုးကမ္ဘာကျော်စီးပွားရေးပညာရှင်တဦး လာရောက်ဆွေးနွေးတာကို ဒေါက်တာ ခင်ဇော်ဝင်းအပါဝင် တချို့ကကြိုဆိုနေပေမယ့် ဝေဖန်သူတွေကတော့ ဒီခရီးစဉ်ဟာ ဘာမှထူးမှာမဟုတ်ဘဲ နအဖရဲ့ဝါဒဖြန့်ချိရေးအတွက်သာ အသုံးချခံရမှာဖြစ်တယ်လို့ဝေဖန်နေကြပါတယ်။ ဒီလိုအမြင် တွေကွဲပြားနေတာနဲ့ ပတ်သက်ပြီး ဒေါက်တာစတီးလစ်ရဲ့ အကြံပြုချက်တွေကို နအဖဗိုလ်ချုပ်တွေက လက်ခံနိုင်မယ်ထင်ပါသလားဆိုပြီး ဒေါက်တာ ခင်ဇော်ဝင်းကိုထပ်မေးကြည့်တဲ့အခါမှာတော့ အရင်နဲ့စာရင် ဖြစ်နိုင်ခြေတွေ ပိုတိုးလာနေတယ်ဆိုပြီး ဖြေကြားခဲ့ပါတယ်။

“မနေ့က ပြောလိုက်တဲ့ နေပြည်တော်မှာ သွားပြီး စာတမ်းဖတ်ပြီး ဟောပြောရုံတင် မကဘူးပေ့ါ၊ မြန်မာပြည်သူပြည်သားတွေလည်း သိနိုင်အောင်ဆိုပြီး ဒီစာကို ပဗလစ်လီဒါကို ထုတ်ပြန်ပါလို့ ကျနော့်အနေနဲ့တက်နိုင်တာကတော့ ဒီစာကို ဘာသာပြန်ပြီးတော့ မြန်မာသတင်းမီဒီယာတွေကနေ ဖြန့်လို့ရတယ်ပေ့ါ၊ လူထုက ဒါကိုသိဖို့လိုတယ်။ နောက်တခုက ဘာလဲဆိုတော့ ဟောပြောပွဲတခုတည်းမကဘူးပေ့ါ၊ ဒီဟောပြောပွဲကနေ နောက်ထပ်လည်း ပြန်လည်ဖွဲ့စည်းမှုတွေ၊ ပေါ်လစီအပြောင်းအလဲတွေ ဖြစ်လာမယ်လို့ ကျနော့်အနေနဲ့ မျှော်လင့်ပါတယ်။ အကူအပြောင်းကာလတခုလည်း ဖြစ်နေတယ်ပေ့ါ၊ ရှေ့မှာ ရွေးကောက်ပွဲရှိမယ်ပေ့ါ။ သူတို့က အတတ်နိုင်ဆုံး ဒီဥစ္စာကိုတင်ပြမယ်၊ ဖိတ်တဲ့ ဝန်ကြီးဌာန ၂ ခုလည်းရှိတယ်။ အစိုးရဘက်မှာလည်း ညွှန်ကြားရေးမှုးချုပ်အဆင့်မှာ ပညာရှင်တွေ ဘာတွေလည်းရှိပါတယ်ပေ့ါ။

ဒီလူတွေက သူပြောတာတွေကို လက်ခံလိမ့်မယ်လို့ ယူဆရပါတယ်။ ပေါ်လစီပိုင်းကတော့ ဒါ အထက်ကလုပ်နေတာပေ့ါ၊ ပေါ်လစီပိုင်းကလည်း ပြောမယ်ဆိုရင် အထီးကျန်ဖြစ်နေတာ ကြာလှပြီဆိုတော့ ဒီလို ကမ္ဘာကျော် ဘောဂဗေဒပညာရှင်တယောက်က လာပြီးတော့ ပြောမယ်ဆိုရင်တော့ ပေါ်လစီ ပြောင်းလဲမှု ပြန်လည်ဖွဲ့စည်းမှုမှာလည်း ကျနော့်အနေနဲ့ကတော့ တတက်တအား တွန်းအားပေးနိုင်လိမ့်မယ်လို့ မျှော်လည်းမျှော်လင့်ပါတယ်၊ ထင်လည်းထင်ပါတယ်။”

---

# ရောဝတီတိုင်းက စပါးထွက်နှုန်းကျ

**DVB၊ ဒီဇင်ဘာ ၁၄ ။** ။ ဆန်စပါး အများဆုံးထွက်ခဲ့တဲ့ ရောဝတီမြစ်ဝကျွန်းဒေသမှာ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်ကြောင့် ဒီနှစ်တော့ စပါးအထွက်နှုန်းကျသွားပြီလို့ လယ်သမားတွေကပြောပါတယ်။

ဘိုကလေးနဲ့ လပွတ္တာမြို့နယ်တို့မှာ မိုးစပါးတွေ ရိတ်သိမ်းပြီးလို့ တလင်းနယ်နေကြပါတယ်။ စပါးအဖျင်းတွေက ပိုများနေလို့ ထွက်နှုန်းကျနေပြီလို့ပြောကြပါတယ်။ မနှစ်က မေလမှာ တိုက်ခတ်တဲ့ နာဂစ်မုန်တိုင်းတိုက်လို့ လယ်မြေတွေပျက်စီးသွားတာကြောင့်လို့ ပြောပါတယ်၊ ဘိုကလေးဒေသမှာဆိုရင် သစ်တောပြုန်းတီးမှု များလို့ ကြွက်တွေသောင်းကျန်းလာကြောင်း၊ ဒေသခံလယ်သမားတွေ အိုးအိမ်မဲ့ဖြစ်ပြီး စားဝတ်နေရေးကျပ်တည်းချိန်မှာ လယ်မြေအများစု ပြန်မလုပ်နိုင်တာလည်းဖြစ်ကြောင်း ဘိုကလေးမြို့က လယ်သမားတဦးက ပြောပါတယ်။

“ကြွက်ကိုက်တာကြောင့် စပါးရှုံးတယ်။ ဒီမြေကြီးကိုက မကောင်းလို့ စပါးက အဖျင်းတွေထွက်တာလည်းပါတယ်။ လယ်တကွက် လုပ်ရင်တောင်မှ ၁၀၀ လောက်ထွက်ရမှာကို အခုအကွက် ၃၀ လုပ်တာ ၆၄ တင်းပဲရတယ်၊ ကောင်းတာ တဦးနှစ်ဦးလောက်ပဲရှိတယ်၊ အရမ်းကြီးကောင်းတာမဟုတ်ဘူး။ လယ်တောတွေထဲမှာ ကြွက်တွေကခိုပြီးနေတယ်လေ။ မစိုက်တဲ့လယ်တွေက စိုက်တဲ့လယ်တွေကို ဒုက္ခပေးတာပေ့ါ။ တလင်းနယ်မပြီးသေးဘူး၊ စပါးတွေက အဖျင်းတွေတအားများတယ်၊ ရာသီဥတုကြောင့် စပါးတွေက ထွက်သင့်သလောက် မထွက်ဘူးပေ့ါနော်။ ၁၀၀ မှန်းထားတဲ့နေရာမှာ ၅၀ လောက်ပဲထွက်တော့တယ်။”

သီးနှံထွက်နှုန်း ကျသွားတာဟာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဆိုတာကို လူအနည်းအကျဉ်းပဲ နားလည်သဘောပေါက်ကြပြီး၊ လက်တွေ့စိုက်ပျိုးလုပ်ကိုင်တဲ့ ကျေးလက် တောင်သူတွေကတော့ နားမလည်ကြဘူးလို့သိရပါတယ်။ ဒိန်းမတ်နိုင်ငံမှာကျင်းပတဲ့ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုညီလာခံနဲ့ပတ်သက်လို့လည်း နားလည်သဘောပေါက်မှာ မဟုတ်ပါဘူးလို့ ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။

“အခု နာဂစ်တိုက်သွားတဲ့ ရောဝတီတိုင်းက အရင်တုန်းက ဒီရေတောတွေပေ့ါ၊ ဒီရေတောတွေမှာ တောတွေ ခုတ်ထွင်ရှင်းလင်းပြီးတော့ လယ်ရိုင်းတွေ စိုက်ကြတယ်။ အဲဒီမှာ ကေတွေရာချီကိုင်ပြီးတော့ စီးပွားတွေဖြစ်ကြတယ်။ အခုလိုမျိုး သဘာဝဘေးအန္တရာယ်ဖြစ်တယ်ဆိုတာ ရှင်းရှင်းပြောရရင် သူတို့ သိပ်ပြီးတော့ နားမလည်ဘူး။ ဒါကို ရှင်းပြပေမယ့် အရမ်းတော့ အလှမ်းဝေးသေးတယ်။ ဗမာပြည်မှာ တောနေလူတန်းစားမပြောနဲ့မြို့ကလူတွေတောင်မှ အဲဒါတွေကို သိပ်မသိကြဘူး၊ စိတ်ဝင်စားမှုလည်းမရှိကြဘူး။ လက်ရှိ ထမင်းစားဖို့အဆင်ပြေဖို့ကို အဓိကထားပြီး တောခုတ်ပြီး ထင်းခုတ်ရောင်း၊ မီးသွေးဖုတ်၊ လတ်တလောအငတ်ပြဿနာကို ဖြေရှင်းသလောက်ပဲရှိသေးတယ်။”



## ကရင်နှစ်သစ်ကူးပိုး

ကရင်ပြည်နယ်ဖာပွန်မှာ ကရင်နှစ်သစ်ကူးနေ့တုန်းက ဈေးထဲမှာဗုံးပေါက်ကွဲခဲ့တဲ့အတွက် အနည်းဆုံး လူ ၆ ယောက်သေဆုံးပြီး ၁၂ ယောက်ဒဏ်ရာရခဲ့တယ်လို့ သိရပါတယ်။ နှစ်သစ်ကူးပွဲတော်ကျင်းပနေတုန်း ည ၉ နာရီမှာပေါက်ကွဲတာလို့ ဆိုပါတယ်။ အခုထိတော့ ဘယ်သူ့လက်ချက်ဆိုတာ အတိအကျမပြောနိုင်သေးပေမယ့် နအဖ ကတော့ ထုံးစံအတိုင်း ကေအဲန်ယူရဲ့လက်ချက်ဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။ **(AFP, 16.12.2009)**

## မြန်မာ့အကူအညီတောင်းခံမှုမပေးနိုင်သေး

အာရှဖွံ့ဖြိုးရေးဘဏ် အေဒီဘီ က မြန်မာနိုင်ငံရဲ့ငွေချေးငှားမှုတွေအတွက် ထုတ်ပေးဖို့ရာအခြေအနေတွေ လုံလောက်မှုမရှိသေးဘူးလို့ဆိုပြီး ကုန်သွယ်ရေးဆိုင် ရာငွေကြေးထောက်ပံ့မှုတွေအတွက် တောင်းဆိုချက်ကို ပယ်ချလိုက်ပါတယ်။ ကုန်သွယ်ရေးဆိုင်ရာ ငွေကြေးစာရင်း လွှဲပြောင်းမှုတွေအတွက် အေဒီဘီ က အာမခံချက်ပေးတဲ့ အဲဒီအစီစဉ်ကို ၂၀၀၄ ခုနှစ်မှာစတင်ခဲ့ပေမယ့်လည်း မြန်မာနိုင်ငံတွင်လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးတို့ နှောင့်နှေးကြန့်ကြာမှုတွေကြောင့် ချေးငွေများကို မထုတ်ပေး ဘူးဆိုတဲ့ ရပ်တည်ချက်ရှိပါတယ်။ **(AUSTRALIAN NETWORK NEWS, 14.12.2009)**

## နယ်ခြားစောင့်တပ်မဖြစ်လိုပါ

နအဖ က အပစ်အခတ်ရပ်စဲတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ်နဲ့ပြောင်းလဲပြီး သူတို့ရဲ့သြဇာအရှိန်အဝါ အောက်ထဲကိုသွတ်သွင်းမယ့်အစီအစဉ်ကို လိုက်နာအကောင်အထည်ဖော်ဖို့ အကြီးအကျယ်ဖိအားပေးနေပါတယ်။ ဒါကြောင့် ငြိမ်းအဖွဲ့လို့ခေါ်နေကြတဲ့ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေကြားထဲမှာ ကွဲလွဲမှုတွေ၊ မငြိမ်းချမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ အင်အား လေး ငါးထောင်လောက်ရှိတဲ့ အက်စ်အက်စ်အေ– မြောက်ပိုင်းတပ်ဖွဲ့ထဲက ၂၀၀ လောက်ဘဲ နယ်ခြားစောင့်တပ်လုပ်မယ်လို့ဆိုတဲ့အတွက် နအဖဘက်က ဒီအရေအတွက်ကို မကျေနပ်လို့ ဖိအားပေးမှုတွေပိုမိုလုပ်နေပါတယ်။ **(VOB, 17,12.2009)**

## ဆန်ကြမ်းဈေးတက်

ညော့်မထ ၊ ဇီယာ စတဲ့ ဆန်ကြမ်းဈေးတွေဟာ ရန်ကုန်မှာကျနေတယ်လို့ သိရပါတယ်။ တတင်းခွဲအိတ်ကို ကျပ် တသောင်းသုံးထောင် ရှိပါတယ်၊ နိုင်ငံခြားကိုတင်ပို့ခွင့်ပါမစ် မချတဲ့အတွက် အခုလိုဈေးကျသွားတာဖြစ်ပါတယ်။ ဆန်ချောပေါ်ဆန်းမွှေးကတော့ မြဝတီကနေတဆင့် ပြည်ပပို့ကုန်အဖြစ်နဲ့ထွက်နေတယ်လို့ ကုန်သည် တွေကပြောပါတယ်။ ရောဝတီကဆန်တွေ ရန်ကုန်ကိုအဝင်များတယ်လို့လည်း သိရပါတယ်။ (DVB, 17.12.2009)

## ပါတီပြန်လည်ဖွဲ့စည်းရေး

အဲန်အဲလ်ဒီရဲ့အသက်အရွယ်ကြီးရင့်အိုမင်းနေပြီဖြစ်တဲ့ခေါင်းဆောင် ဦးအောင်ရွှေ၊ ဦးလွင်၊ ဦးလွန်းတင်တို့ကို ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဂါရဝပြုခဲ့တုန်းက ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပြန်လည်ဖွဲ့စည်းခွင့်ပြုဖို့ တောင်းဆိုခဲ့ရာမှာ လူကြီးတွေက သဘောတူခွင့်ပြုခဲ့တယ်လို့ ဆိုပါတယ်။ ပါတီထဲက အသက် ၆၀ တန်းလူကြီးတွေ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဝင်ဖြစ်လာဖို့ရာ ရှိပါတယ်။ အလုပ် မလုပ်နိုင်တော့တဲ့သူတွေနေရာမှာ အလုပ်လုပ်နိုင်တဲ့သူတွေနဲ့အစားထိုးဖို့ဟာ အောင် မြင်မှုရဖို့သော့ချက်တခုဖြစ်ပါတယ်။ **(INDEPENDENT, VOB, 15.12.2009)**

## စိုက်ပျိုးရေးအားထားပါ

စီးပွားရေးဆိုင်ရာနိုဘဲလ်ဆုရှင် ကမ္ဘာ့ဘဏ်အကြံပေးပုဂ္ဂိုလ် စတစ်ဂ်လစ်ဇ် က နအဖ ရဲ့ နေပြည်တော်ကြပ်ပြေးမှာပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲတခုမှာ နိုင်ငံရေးနဲ့စီးပွားရေးဟာ ခွဲခြားထားလို့မရတဲ့အရာဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံအနေနဲ့ စိုက်ပျိုးရေးအပေါ်မှာ ပိုမိုဇောင်းပေးလုပ်ဆောင်ပြီး တိုးတက်မှုတွေရ အောင်လုပ်ဖို့ တိုက်တွန်းအကြံပေးသွားပါတယ်။ မျိုးစေ့ ဓာတ်မြေသြဇာစတာတွေအတွက် ငွေကြေးထောက်ပံ့သုံးစွဲဖို့လိုသလို၊ ကျန်းမာရေးနဲ့ပညာရေးအလုပ်အကိုင် နေရာဖန်တီးရေးစတာတွေမှာ သုံးစွဲမှုတွေမြှင့်တင်ဖို့ပြောဆိုသွားပါတယ်။ အဲဒါအပြင် စစ်မှန်တဲ့တိုးတက်မှု၊ လုံခြုံမှုတွေရဖို့ကျယ်ပြန့်တဲ့ လုပ်ဆောင်မှုတွေလုပ်ဖို့လိုတယ်လို့လည်း ပြောဆိုသွားပါတယ်။ **(EARTH TIMES, VOB 16.12.2009)**

## စင်္ကာပူမှပညာသင်ဆု

စင်္ကာပူကတက္ကသိုလ် ၃ ခု ဟာ မြန်မာနိုင်ငံမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေဖို့ဆိုပြီး တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး အပြည့်ပေးတာတွေကို တိုးမြှင့်လုပ်ဆောင်နေတယ်လို့ သိရပါတယ်။ နမ်ယန်းတက္ကသိုလ်၊ စင်္ကာပူအမျိုးသားတက္ကသိုလ်၊ စင်္ကာပူစီမံခန့်ခွဲရေးတက္ကသိုလ်တို့က ပညာသင်ထောက်ပံ့ကြေးကို အပြည့်အဝပေးမှာပါ။ အဲဒါအပြင် တခြားကောလိပ်တွေ၊ သိပ္ပံကျောင်းတွေကလည်း မြန်မာကျောင်းသားတွေအတွက် ထောက်ပံ့မှုတွေ ပိုမိုလုပ်မယ်လို့လည်း သိရပါတယ်။ **(BUSINESS GHANA, 15.12.2009)**

## ဘိန်းပိုစိုက်နေပြီ

ရှမ်းပြည်နယ်ထဲမှာ တိုင်းရင်းသားလက်နက်ကိုင်တွေဟာ ဘိန်းစိုက်ပျိုးမှုတွေကို ပိုမိုလုပ်နေတယ်လို့ ကုလသမဂ္ဂရဲ့ မူးယစ်ဆေးဝါးဆိုင်ရာအဖွဲ့က အစီရင်ခံစာတစောင်ထဲမှာ ဖော်ပြလိုက်ပါတယ်၊ မြန်မာစစ်အစိုးရက သူတို့ကိုတိုက်ခိုက်မှုတွေမလုပ်လာခင်မှာ လက်နက်တွေဝယ်နိုင်ဖို့ အခုလိုဘိန်းပိုစိုက်တာလို့ အစီရင်ခံစာ ကဆိုပါတယ်။ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းမှာ မတည်ငြိမ်မှုတွေဖြစ်ပွားတာဟာ မူးယစ်ဆေးဈေးကွက်အပေါ် အကျိုးသက်ရောက်မှုတွေဖြစ်စေပြီး လက်နက်တွေဝယ်ယူ သိုလှောင်နိုင်ဖို့ မူးယစ်ဆေးတွေ ပိုမိုရောင်းချနေတယ်လို့လည်း ဖော်ပြထားပါတယ်။ **(REUTERS, 14.12.2009)**

# စာရေးဆရာ ကဗျာဆရာကြီး အိကြာကွေး ကွယ်လွန်အနိစ္စရောက်

**DVB၊ ဒီဇင်ဘာ ၁၆။** ။ မြန်မာ့စာပေလောကမှာ ထင်ရှား ကျော်ကြားတဲ့ ဟာသစာရေးဆရာ အိကြာကွေး မနေ့ည နေ ၆ နာရီမှာ ကွန်လွန်သွားပါပြီ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကွယ်လွန်သွားတာဖြစ်ပြီး ကွယ်လွန်ချိန်မှာ အသက် ၇၂ နှစ်ရှိပါပြီ။

ဆရာဟာ ဘဝတသက်တာလုံး စာပေအလုပ်တခုတည်းနဲ့ပဲ အသက်မွေးခဲ့သူပါ။ ဆရာအိကြာကွေးရဲ့ နာမည်ရင်းကတော့ ဦးကျော်ထွန်းဖြစ်ပြီး သူ့ကို ၁၉၃၈ ခုနှစ်မှာ အဖဦးမောင်နှစ်၊ အမိ ဒေါ်ညွန့်မေတို့က ဓနုဖြူမြို့ မင်းပိုင်ရပ်မှာ မွေးဖွားခဲ့ပြီး တဦးတည်းသောသားဖြစ်ပါတယ်၊ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီကနေ မကွယ်လွန်မီအချိန်အထိ နှစ်ငါးဆယ်ကျော် စာပေတာဝန်တွေကို ထမ်းဆောင်ခဲ့ရာမှာ ဓနုဖြူကျော်ထွန်း ကလောင်အမည်နဲ့ ကဗျာပေါင်း ၁,၂၀၀ ကျော်၊ ဝတ္ထုတို ၈၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၃ ပုဒ်အပါအဝင် အိကြာကွေး ကလောင်အမည်နဲ့လုံးချင်းစာအုပ် ၂၀ ကျော် ရေးသားခဲ့ပါတယ်။

သောကြာမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သလို အခြားကလောင်အမည်တွေနဲ့လည်း စာပေအမျိုးအစားများစွာ ရေးသားခဲ့ပါတယ်။ ကဗျာဆရာကနေ သရော်စာရေးတဲ့သူအဖြစ် ပြောင်းလဲသွားတဲ့ ဆရာ အိကြာကွေးရဲ့ စာပေဘဝဖြတ်သန်းမှုနဲ့ ပတ်သက်ပြီး ပိတောက်ပွင့်သစ်မဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာမောင်စိမ်းနီက...

"သူက ကဗျာဆရာဗျ။ ကျနော်တို့ကတော့ ကဗျာဆရာဆိုတော့ နှမျောတာပေ့ါ။ သူရေးခဲ့တာလေးတွေက ကောင်းခဲ့တာကိုး" လို့ အမှတ်တရ ပြောကြားပါတယ်။ "တိုင်းရင်းမေတို့ဘာတို့တုန်းက သူရေးခဲ့တာတွေ တော်တော်များကောင်းခဲ့တယ်။ ကဗျာအနေနဲ့တုန်းကတော့ ဓနုဖြူကျော်ထွန်းအနေနဲ့ ဖြစ်တာပေ့ါလေ။ နောက်ပိုင်းကျမှ အိကြာကွေးဖြစ်ပြီးတော့ ပျော့စိကုန်တာတွေ ဖြစ်ကုန်တာပေ့ါ။"

ဆရာဟာ မြန်မာ့စာပေလောကအတွက် လိုအပ်နေတဲ့ သရော်စာပေနဲ့ ဟာသစာပေတွေကို ကလောင်သွား ထက်ထက်မြက်မြက်နဲ့ ရေးသားနိုင်ခဲ့သူလို့လည်း ဆရာမောင်စိမ်းနီက သုံးသပ်ချီးကျူးပါတယ်။ သရော်စာတွေကို ထိထိမိမိ ရေးနိုင်စွမ်းတဲ့ အိကြာကွေးဆုံးပါးသွားတာဟာ မြန်မာစာပေအတွက် နှမျောစရာပါလို့လည်း မောင်စိမ်းနီက ပြောပါတယ်။ ကာတွန်းအော်ပီကျယ်နဲ့ ဆရာအိကြာကွေးရဲ့ မိတ်ဆွေရင်း စာရေးဆရာတက္ကသိုလ်စိန်တင်တို့က လည်း ဒီနှစ်ထဲမှာ ဟာသစာရေးဆရာ နီကိုရဲ ကွယ်လွန်သွားပြီးနောက် အခုလည်း ဆရာအိကြာကွေးဆုံးပါးသွားပြီဖြစ်လို့ နှမျောပါတယ်လို့ ပြောပါတယ်။

ဆရာ အိကြာကွေးဟာ ကွန်လွန်တဲ့အချိန်အထိ လူပျိုကြီးဘဝနဲ့ တကိုယ်တည်းနေထိုင်ခဲ့တဲ့ ကျိုက္ကဆံစေတီအနီး အမှတ် ၂၆၅၊ မင်္ဂလာလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်ကို မကွယ်လွန်မီက လှူဒါန်းခဲ့တယ်လို့လည်း ရန်ကုန်စာပေလောကသားတွေဆီက သိရပါတယ်။ ဆရာ့ ဈာပနအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် မနက်ဖြန် ရေဝေး သုသာန်မှာ ဆောင်ရွက်မှာဖြစ်ပြီး ဆရာ့ရုပ်အလောင်းကို နာရေးကူညီမှုအသင်းက သယ်ဆောင်ပေးမှာပါ။

# ပြုပြင်ပြောင်းလဲရေး ညီလာခံစတင်

**DVB၊ ဒီဇင်ဘာ ၁၆။** ။ နိုဘယ်လ်ဆုရ စီးပွားရေးပညာရှင် ကမ္ဘာ့ဘဏ်အကြံပေးပုဂ္ဂိုလ် Dr.Joseph Stigliz ဟာ နေပြည်တော်ကို ရောက်နေပြီး စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲရေး ညီလာခံကို တက်ရောက် ဆွေးနွေးနေပါတယ်။

အာရှ ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ESCAP နဲ့ မြန်မာစစ်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့ ပူးတွဲအစီစဉ်နဲ့ ဒီဆွေးနွေးပွဲကို ကျင်းပနေတာဖြစ်ပြီး ဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးအဆင့်တွေ ကိုယ်တိုင်တက်ရောက်ဆွေးနွေးနေတယ်လို့ အန်ဂျီအို ဝန်ထမ်းတွေဆီက သိရပါတယ်။ ဒီနေ့ကျင်းပတဲ့ အစည်းအဝေးမှာ ဆွေးနွေးတဲ့အကြောင်းအရာတွေကို စစ်အစိုးရက သတင်းမထုတ် ပြန်သေးပေမယ့် ESCAP အကြီးအကဲ ဒေါက်တာနိုလင်းဟေဇာနဲ့ စစ်အစိုးရဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်တို့ မနေ့ညနေပိုင်း နေပြည်တော်မှာ တွေ့ဆုံတဲ့အကြောင်းကို မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။

ESCAP အဖွဲ့နဲ့ ရန်ကုန်မှာ တနင်္ဂနွေနေ့ညတုန်းက တွေ့ခွင့်ရခဲ့တဲ့ ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ (ယူနီဆက်) ဝန်ထမ်းဟောင်း ဒေါက်တာခင်ဇော်ဝင်းကတော့ ဒေါက်တာစတစ်(ဂ်)လစ်(ဇ်) ဘာတွေပြောမလဲဆိုတာကို အတိအကျမသိရသေးပေမယ့် ကျေးလက်ဒေသ ဆင်းရဲမှုတိုက်ဖျက်ရေးအတွက် တောင်သူလယ်သမားတွေကို ချေးငွေတိုးမြှင့်ထုတ်ပေးရေး၊ လယ်သမားတွေကို လယ်ပိုင်ခွင့်ပေးရေး၊ လယ်ယာထွက်ကုန် ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ရေးနဲ့ သဘာဝ ဘေးဒဏ်သင့် ကျေးလက်နေ ပြည်သူတွေရဲ့ဘဝကို စနစ်တကျ ပြန်လည်ထူထောင်ရေးကိစ္စတွေ အကြံပေးနိုင်ခြေရှိကြောင်း သိထားတယ်လို့ ပြောပါတယ်။ ဒီခရီးစဉ်ကနေ မြန်မာနိုင်ငံစီးပွားရေးမူဝါဒအထူးသဖြင့် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် အကျိုးရှိတဲ့ ရလဒ်တခု ထွက်လာလိမ့်မယ်လို့ မျှော်လင့်ကြောင်းလည်း ဒေါက်တာခင်ဇော်ဝင်းက မနေ့က ပြောကြားပါတယ်။

# မှားယွင်းခွဲစိတ်လို့ကျောင်းသူတဦးသေ

**DVB၊ ဒီဇင်ဘာ ၁၆။** ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှာ မှားယွင်းခွဲ စိတ်ကုသမှုကြောင့် တက္ကသိုလ်ကျောင်းသူတဦး အခုလ ၃ ရက်နေ့ သေဆုံးသွားကြောင်း မြို့ခံတွေက ပြောပါတယ်။ သေဆုံးသူဟာ မိုးညှင်းမြို့ကောလိပ်က အသက် ၁၈ နှစ်အရွယ် မြန်မာစာ အဓိက ကျောင်းသူတဦးဖြစ်ပြီး၊ ၃ ကြိမ်တိတိ ခွဲစိတ်အပြီးမှာ အခုလို သေဆုံးသွားတာဖြစ်တယ်လို့ သူတို့က ပြောပါတယ်။

အဲဒီ တက္ကသိုလ်ကျောင်းသူဟာ အရပ်လက်သည်နဲ့ ကိုယ်ဝန်ဖျက်ချရာကနေ တလခွဲအကြာမှာ ဗိုက်အောင့် ဝေဒနာခံစားရတာကြောင့် ဆေးရုံကိုသွားရောက်ပြသခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ခွဲစိတ်ဆရာဝန်က ဒါဟာ အူအတက်ဖြစ်လိမ့်မယ်ဆိုပြီး သူ့နေအိမ်ဆေးခန်းကို ခေါ်ယူ ခွဲစိတ်ကုသခဲ့တယ်လို့သိပါတယ်။ ၃ လအကြာမှာ လူနာဟာ ဗိုက်အောင့်ဝေဒနာ ထပ်မံခံစားတဲ့အတွက် အဲဒီ ဆရာဝန်ကပဲ ခွဲစိတ်ပြန်တယ်။ ၃ ကြိမ်မြောက်ခွဲစိတ်အပြီးမှာတော့ အခုလို သေဆုံးခဲ့တာလို့ မိသားစုနဲ့နီးစပ်သူတဦးက ပြောပါတယ်။ သူမရဲ့ဈာပနဖိတ်ကြားစာနဲ့ပတ်သက်လို့ သူက အခုလို ပြောပြထားပါတယ်။

"အသုဘရှု ဆွမ်းကျွေးတရားနာ ဖိတ်ကြားလွှာ ဒါခေါင်းစည်းပေ့ါ။ မိုးညှင်းမြို့ ဒုတိယနှစ် မြန်မာစာ အသက် ၁၈ နှစ်သည် ၁၃၇၁ ခုနှစ် နတ်တော်လပြည့် ကျော် ၂ ရက် ၃ ရက် ၁၂ လ ၂၀၀၉ ကြာသာပတေးနေ့ည ၁၁ နာရီ ၁၅ မိနစ်အချိန် တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၎င်းအား ရည်စူးပြီး သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအဟာရဒါန ဆက်ကပ်မည်ဖြစ်ပါ၍ ၁၃၇၁ ခု နတ်တော်လ ပြည့်ကျော် ၃ ရက် ၄ ရက် ၅ ရက် ၁၂ လ ၂၀၀၉ စနေနေ့နံနက် ၉ နာရီအချိန်တွင် မိုးညှင်းမြို့နေအိမ်သို့ ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန်နှင့် ၎င်းနေ့ နေ့လည် ၁ နာရီ အချိန်တွင် သုသာန်သို့ အသုဘရှု လိုက်ပါပို့ဆောင်ပေးကြပါရန် ကျန်ရစ်သူ မိသားစုတို့က လေးစားစွာ ဖိတ်ကြားအပ်ပါသည်။"

၃ ကြိမ် ခွဲစိတ်ကုသခဟာလည်း ကျပ် ၁၀ သိန်းခန့် ကုန်ကျသွားတယ်လို့ မိသားစုနဲ့နီးစပ်သူက ပြောပါတယ်။ ဒီလို သေဆုံးမှုကို ဖခင်ဖြစ်သူက အမှုဖွင့်ချင်ပေမယ့် မိခင်ဖြစ်သူက ပြဿနာထပ်မဖြစ်ချင်လို့ဆိုပြီး အမှုမလုပ်ဖို့တားထားတယ်လို့ သိရပါတယ်။ ခွဲစိတ်ဆရာဝန်ရဲ့ မှားယွင်းခွဲစိတ်မှုကြောင့် ရန်ကုန်က ကျောင်းသူလေး မခိုင်ရွှန်းလဲ့ရည် သေဆုံးပြီးနောက်ပိုင်း စစ်ဆေးမှုတွေ လုပ်နေချိန်မှာ အခုလို ထပ်မံသေဆုံးမှုဖြစ်ပွားခဲ့တာကြောင့် အဲဒီဆရာဝန်ကလည်း ဒီကိစ္စအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတယ်လို့ မိုးညှင်းမြို့ခံတွေက ပြောပြပါတယ်။

# ကရင်နှစ်သစ်ကူးပွဲတော် ချိန်ကိုက်ဗုံး ကေအဲန်ယူကို နအဖစစ်အုပ်စုက စွပ်စွဲ

**DVB ၊ ဒီဇင်ဘာ ၁၇ ။** ။ ကရင်ပြည်နယ် ဖာပွန်မြို့ ကရင်နှစ်ကူးပွဲနေ့မှာ လူ ၇ ဦးသေဆုံးရတဲ့ ချိန်ကိုက်မိုင်း ပေါက်ကွဲမှုဟာ ကေအန်ယူ (ကရင်အမျိုးသား အစည်းအရုံး) ရဲ့ လက်ချက်ပါလို့ နအဖစစ်အုပ်စု စွပ်စွဲကြေညာလိုက်ပါတယ်။

ဒီဇင်ဘာ ၁၆ ကရင်နှစ်ကူးနေ့ပျော်ပွဲရွှင်ပွဲကျင်းပနေတဲ့ ဈေးဆိုင်တန်းမှာ မိုင်းဗုံးပေါက်ကွဲလို့ လူ ၇ ဦးသေဆုံးပြီး အမျိုးသမီးတဦး အပါအဝင် လူ ၁၁ ဦး ဒဏ်ရာရရတယ်လို့ စစ်အုပ်စုထုတ် သတင်းစာတွေမှာ ဒီနေ့ဖော်ပြပါတယ်။ ဒဏ်ရာရသူတွေကို ဖာပွန်ပြည်သူ့ဆေးရုံမှာ ကုသပေးနေတယ်လို့ ဆိုပါတယ်။ ဒီမိုင်းဗုံးကို ထောင်ခဲ့သူဟာ ဖာပွန်နဲ့နယ်စပ်ဒေသအကြား လှုပ်ရှားနေတဲ့ ကေအန်ယူအဖွဲ့ကဖြစ်တယ်လို့ အဲဒီသတင်းမှာ ဖော်ပြထားပေမယ့် တိတိကျကျတော့ မပြောထားဘဲ စုံစမ်းဖော်ထုတ်နေတယ်လို့ပဲ ပြောထားပါတယ်။

ကေအန်ယူ ပြန်ကြားရေးတာဝန်ခံ ပဒိုစောလှငွေကို ဆက်သွယ်မေးမြန်းတဲ့အခါ ကရင်တမျိုးသားလုံး အမွန်အမြတ်တန်ဖိုးထားပြီး မင်္ဂလာယူ ဆင်နွဲတဲ့ ပွဲတော်မျိုးမှာ ကေအန်ယူအနေနဲ့ ဒီလိုအကြမ်းဖက်မှုမျိုး ကျူးလွန်တယ်ဆိုတာ ယုတ္တိမတန်ပါဘူးလို့ တုံ့ပြန်ဖြေကြားပါတယ်။

"ကိုယ့်လူမျိုးကို ပြန်သတ်ဖို့၊ ကိုယ့်ရဲ့ နှစ်သစ်မင်္ဂလာမှာ ပြန်ပြီးတော့ လုပ်ဖို့အတွက် ကျနော်တို့က ဒီလောက်အထိ ယုတ်မာပက်စက်တဲ့ အတွေးအခေါ် စဉ်းစားမှုမျိုးနဲ့လုပ်မယ့်သူ မဟုတ်ဘူးဆိုတာကို စဉ်းစားတတ်တဲ့လူတိုင်းက ယုတ္တိမတန်တဲ့ ဒီ နအဖစွပ်စွဲချက်ပေါ်မှာ နားလည်နိုင်မယ်လို့ ကျနော်ထင်ပါတယ်၊ ဒါကတော့ လုံးဝ အခုလက်ရှိမှာ မလုပ်တတ်သလို၊ နောင်လည်း ဘယ်တော့မှလုပ်မယ့်ကိစ္စမဟုတ်ဘူး၊ ကျနော်တို့ဘက်က။"

ကေအန်ယူရဲ့ သတင်းထောက်လှမ်းမှုအရ နအဖဘက်က ၂၀၁၀ ရွေးကောက်ပွဲကိစ္စနဲ့ပတ်သက်ပြီး ကရင်အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းတွေထဲမှာ မတည်မငြိမ်မှုတွေဖြစ်ပွားလာအောင်လုပ်ကြံမှုတွေ ဖန်တီးဖို့ရှိတယ်လို့လည်း သတင်းရရှိထားကြောင်း ပဒိုစောလှငွေက ပြောပါတယ်။

"အချင်းချင်း အထင်အမြင်တွေ လွဲမှားလာအောင်၊ တဘက်နဲ့တဘက် နာကျည်း စိတ်ဝမ်းကွဲလာပြီးတော့ ခိုက်ရန်ဒေါသဖြစ်ပွားလာစေမယ့် အကြံအစည်တွေ နည်းအမျိုးမျိုးနဲ့ သူတို့ရဲ့ ဒီထောက်လှမ်းရေး နည်းအမျိုးမျိုးကိုလွှတ်ပြီးလုပ်နေတဲ့ အပိုင်းကတော့ ကျနော်တို့ သိရှိရသလိုပဲ ကျနော်တို့ရဲ့ ခွင်အတွင်းမှာရောက်ရှိလာတဲ့ ဖမ်းဆီးမိတဲ့သူတွေကို စစ်ဆေးမေးမြန်းချက်အရလည်း သိရှိရတဲ့အပေါ်မှာ ဒီလုပ်ရပ်တွေဟာ နအဖက မလွဲမသွေလုပ်တယ်လို့ပြောနိုင်ပါတယ်။"

ဒီဗုံးပေါက်ကွဲမှုဖြစ်ပွားတဲ့နေရာနဲ့ ဆက်စပ်နေတဲ့ ကေအန်ယူတပ်မဟာ ၅ နယ်မြေက ဒုဗိုလ်မှူးကြီးတဦးကို ဆက်သွယ်မေးမြန်းတော့လည်း ဒီဗုံးဟာ နအဖစစ်တပ်ရဲ့လက်ချက်ဖြစ်နိုင်ပြီး သတင်းကို စုံစမ်းနေတုန်းပဲလို့ ဖြေကြားပါတယ်။ နအဖစစ်အုပ်စုဟာ အခုလိုဗုံးကွဲတိုင်း နယ်စပ်လက်နက်ကိုင်အဖွဲ့တွေကို စွပ်စွဲလေ့ရှိပါတယ်။ ကေအန်အယ်လ်အေ (ကရင်အမျိုးသားလွတ်မြောက် ရေးတပ်မတော်)ဟာ နအဖစစ်အုပ်စုကို တော်လှန်နေဆဲဖြစ်ပြီး လက်ရှိမှာလက်နက်ကိုင်တပ်အင်အား ၆,၀၀၀ လောက်ရှိတယ်လို့သိရှိရပါတယ်။

# ဧည့်မထ၊ ဇီယာ ဆန်ဈေးများကျဆင်း

**DVB ၊ ဒီဇင်ဘာ ၁၆ ။** ။ အရင်တုန်းက ဈေးမာနေတဲ့ ဧည့်မထတို့ ဇီယာတို့လို ဆန်ကြမ်းဈေးတွေ ဒီတပတ်အတောအတွင်း ကျလာတယ်လို့ ဖျာပုံက ဆန်ကုန်သည်တယောက်က ပြောပါတယ်။ လက်ရှိ ဖျာပုံဘက်က ဆန်ပေါက်ဈေးတွေကိုလည်း အဲ့ဒီ ဆန်ကုန်သည်တွေက ပြောပြပါတယ်။

"ဆန်ဈေးက လောလောဆယ် တတင်းခွဲ တအိတ်ကို ၁၆,၀၀၀ ကျပ်လောက်ရှိတယ်။ ဆန်ကြမ်းက ၁၃,၀၀၀ ကျပ်လောက်ရှိတယ်။ ဆန်ကြမ်းက နည်းနည်းကျနေတာပေါ့။ တပတ်လောက်ရှိသွားပြီ ၁၄,၅၀၀ ကျပ်ကနေ ကျသွားတာ။ ဆန်ကြမ်းက လောလောဆယ် အိတ်ချုပ်ပို့စ်က မရှိသေးတဲ့ သဘောပေါ့။"

ရန်ကုန်မှာတော့ ဆန်ကြမ်းဈေးတွေက ရှယ်တအိတ်ကို ၁၄,၈၀၀ ကျပ်နဲ့ ရိုးရိုးက ၁၃,၅၀၀ ကျပ် ဈေးရှိနေပါတယ်။ ဆန်ကြမ်းက လက်ရှိ အိတ်စပို့တင်နေတာမို့ ဈေးမာနေတာ ဖြစ်ပါတယ်။ အခုရက်ပိုင်းကတော့ အရင်ချပေးထားတဲ့ ပါမစ်နဲ့ပို့နေတဲ့ဆန်တွေ အကုန်မပို့ရသေးလို့ နောက်ထပ်ပါမစ်တွေ ချမပေးသေးတာလို့ ရန်ကုန် ဘုရင့်နောင်က ဆန်ပွဲရုံတခုက ပြောပါတယ်။

အခုရက်ပိုင်း မြဝတီနယ်စပ်လမ်းကြောင်းကနေ ဆန်ချော(ပေါ်ဆန်းမွှေး)တွေ အိတ်ချုပ်ပို့စ်သွားတယ်လို့လည်း ပြောပါတယ်။ အခုရက်ပိုင်း ဆန်သစ်တွေပဲ ဧရာဝတီတိုင်းကနေ ရန်ကုန်ကို အဝင်များနေပြီး တရက်ကို ဆန်သစ်အိတ်ပေါင်း ၇၀,၀၀၀ လောက်ဝင်နေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလဆန်းက ဧရာဝတီတိုင်းက ဆန်အဝင်နည်းခဲ့ပြီး ဆန်ကြမ်းဈေးတွေက ဆန်ချောဈေးထက်တောင် တက်ခဲ့တယ်လို့ ပြောဆိုပါတယ်။

# ညီညီအောင် အစာငတ်ခံဆန္ဒပြမှုပြီးဆုံး

**DVB ၊ ဒီဇင်ဘာ ၁၇ ။** ။ အင်းစိန်ထောင်မှာ အမှုရင်ဆိုင်နေရတဲ့ အမေရိကန်နိုင်ငံသား မြန်မာလူမျိုးကိုညီညီအောင်(ကိုကျော်ဇောလွင်)ရဲ့ အမှုကို အင်းစိန်ထောင်တွင်း အထူးတရားရုံးမှာ ဒီနေ့ ဆက်လက်စစ်ဆေးပါတယ်။

ကိုညီညီအောင် အစာငတ်ခံဆန္ဒပြမှုလည်း ပြီးဆုံးသွားပြီလို့ ကိုညီညီအောင်ရဲ့ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။ အစာငတ်ခံဆန္ဒပြနေတဲ့ ကိုညီညီအောင် ကျန်းမာရေးမကောင်းလို့ ပြီးခဲ့တဲ့အပတ် သောကြာနေ့က ရုံးမထုတ်ဖြစ်ခဲ့ပေမယ့် ဒီနေ့မှာတော့ တရားလိုပြသက်သေ အမှုစစ်ရဲအရာရှိကို နောက်ဆုံးသက်သေအဖြစ် စစ်ဆေးပြီး လာမယ့် ၂၉ ရက်နေ့ကို ရုံးချိန်းပေးလိုက်တယ်လို့လည်း ပြောပါတယ်။ ကိုညီညီအောင်ကို မှတ်ပုံတင်အတုကိုင်ဆောင်မှု၊ တရားမဝင်နိုင်ငံခြားငွေလက်ဝယ်တွေ့ရှိမှုတို့နဲ့ အာဏာပိုင်တွေက တရားစွဲထားပြီး အင်းစိန်ထောင်တွင်း တရားရုံးမှာ တရားသူကြီး ဦးညိုထွန်းက စစ်ဆေးနေတာပါ။ မှတ်ပုံတင်အတုကိုင်ဆောင်မှုအတွက် တရားလိုပြသက်သေ ၁၅ ဦး၊ နိုင်ငံခြားငွေ လက်ဝယ်ရှိမှုအတွက် တရားလိုပြသက်သေ ၉ ဦးကို စစ်ဆေးနေခဲ့တာပါ။

ထောင်တွင်းဖိနှိပ်ချုပ်ချယ်မှုနဲ့ မတရားတဲ့ တရားစွဲမှုအတွက် ကိုညီညီအောင်ဟာ အခုလ ၄ ရက်ကတည်းက အစာငတ်ခံဆန္ဒပြနေတာပါ။ သူ့ရဲ့ဆန္ဒပြမှုအောင်မြင်တယ် မအောင်မြင်ဘူးဆိုတာ မသိရပေမယ့် ဆန္ဒပြမှုကတော့ ပြီးသွားပြီလို့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပြပါတယ်။

"သူ့ကျန်းမာရေး အခြေအနေလည်း ကောင်းပါတယ်ဆိုတာ ပြောတယ်၊ နည်းနည်းတော့ ပိန်သွားတယ်၊ ကိစ္စတွေပြီးသွားပြီလို့ ပြောပါတယ်။"

ဒီနေ့တရားရုံးကြားနာရာမှာ ရန်ကုန်အမေရိကန်သံရုံးက ကောင်စစ်ဝန်ကောလင်းဖာ့ထ် Colin Furft တက်ရောက်ခွင့်ရတယ်လို့ သံရုံးပြန်ကြားရေး တာဝန်ခံ Richard Mei က ပြောပါတယ်။

"ကိုကျော်ဇောလွင် အစားအစာပြန်စားနေပြီလို့ အတည်ပြုချက်ရပါတယ်။ ကိုကျော်ဇောလွင်နဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးခွင့်ရဖို့ မေတ္တာရပ်ခံထားတဲ့ကိစ္စအတွက် တုံ့ပြန်ချက်ကိုတော့ ကျနော်တို့ စောင့်နေတုန်းပါပဲ။ ဒီကနေ့ ကိုကျော်ဇောလွင်နဲ့ တရားဝင်တွေ့ဆုံခွင့်၊ မေးမြန်းခွင့်မရလိုက်ပါဘူး။ တရားရုံးကြားနာမှုကလည်း အချိန်သိပ်မကြာလိုက်ပါဘူး။"

ပြီးခဲ့တဲ့အပတ် သောကြာနေ့က ကိုညီညီအောင်ရဲ့ကျန်းမာရေးကြောင့် ရုံးမထုတ်နိုင်ခဲ့တဲ့အပြင် ကိုညီညီအောင်နဲ့သူ့မိသားစုတနင်္လာနေ့က ထောင်ဝင်စာတွေ့ခွင့်မရခဲ့ပါဘူး။ လာမယ့် တနင်္လာနေ့မှာတော့ တွေ့ခွင့်ရနိုင်မယ်လို့ မျှော်လင့်တယ်လို့ ကိုညီညီအောင်ရဲ့အဒေါ် ဒေါ်ခင်ခင်ဆွေက ပြောပါတယ်။ ကျန်းမာရေးကောင်းမွန်တာတွေ့ရလို့လည်း ဝမ်းသာတယ်လို့လည်း ပြောပါတယ်။ တရားဝင်ပြည်ဝင်ခွင့်ဗီဇာနဲ့ မြန်မာပြည်ကိုပြန်သွားတဲ့ ကိုညီညီအောင်ကို မင်္ဂလာဒုံလေဆိပ်မှာ အာဏာပိုင်တွေက စက်တင်ဘာ ၃ ရက်မှာ ဖမ်းဆီးလိုက်တာပါ။

# နိုင်ငံရေးအကျဉ်းသမားများအတွက် ရှေ့နေလိုက်ခွင့် ကန့်သတ်ခံရ

**DVB | ဒီဇင်ဘာ ၁၄ ॥** ॥ အာဏာပိုင်တွေက နိုင်ငံရေးနဲ့ဆက်နွယ်ပြီး ဖမ်းဆီးထားတဲ့ မန္တလေးတိုင်းက သံဃာတော်တွေနဲ့ လူပုဂ္ဂိုလ် ၁၆ ဦးအတွက် ရှေ့နေလိုက်ခွင့်ကို ကန့်သတ်နေပါတယ်။

နိုင်ငံရေးတက်ကြွသူတွေဖြစ်တဲ့ မြင်းခြံမြို့က ကိုမျိုးဟန်၊ ဒေါက်တာဝင့်သူ၊ ကိုလှမျိုးကျော်၊ ကိုစိုးရာဇာဖြူ၊ ဦးပဥ္စင်း ဦးနန္ဒဝံသ၊ ကိုဝေဖြိုး၊ ကိုကြည်စိုး၊ ကိုသန်းထိုက်အောင်၊ ကိုနိုင်၊ ကျောက်ပန်းတောင်းက ဦးပဥ္စင်း ဦးဇောတိက၊ ကိုလတ်နဲ့ ကိုရဲခေါင်၊ ညောင်ဦးက ဝသုန်၊ ကိုဝသုန်ရဲ့အစ်မနဲ့ ဆရာဦးဇော်ဇော်တို့ကို အာဏာပိုင်တွေက ပြီးခဲ့တဲ့ စက်တင်ဘာမှာ ဖမ်းဆီးခဲ့ပြီး မန္တလေး အိုးဘိုထောင်တွင်း အထူးတရားရုံးမှာ ပုဒ်မအမျိုးမျိုးနဲ့ရုံးထုတ်စစ်ဆေးနေတာပါ။ စဖမ်းကတည်းက ဘာကြောင့်ဖမ်းတယ်၊ ဘယ်ကိုခေါ်တယ်၊ ဘာမှုနဲ့ တရားစွဲမယ်ဆိုတာ ဘာမှအကြောင်းမကြားဘဲ ထောင်တွင်းမှာ ရုံးထုတ်နေတာလည်းဖြစ်ပါတယ်။ ဒီသံဃာတော်တွေနဲ့ လူပုဂ္ဂိုလ်တွေ တိတ်တဆိတ် တရားရုံးထုတ်ခံနေရတာကို မိသားစုတွေက ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိရလို့ မြင်းခြံမြို့က မိသားစုဝင်တွေ အိုးဘိုထောင်ကို ဒီနေ့လိုက်သွားပါတယ်။ တရားစွဲခံရသူတွေဘက်က စိတ်ကြိုက်ရှေ့နေ ငှားချင်တာကို အာဏာပိုင်တွေက ခွင့်မပြုဘူးလို့ ရုံးထုတ်ခံနေရသူတွေထဲက တဦးဖြစ်တဲ့ ကိုမျိုးဟန်ရဲ့ အစ်မက ပြောပြပါတယ်။

"အခု ကျမတို့ မန္တလေးအိုးဘိုထောင်ထဲမှာ တဖွဲ့လုံးရောက်နေတယ်။ ကျောက်ပန်းတောင်း အမှုကြားနာပြီး စီရင်ချက်ချဖို့ မြန်မြန်လုပ်နေပြီတဲ့။ အခု ရှေ့နေပြဿနာတက်နေလို့ ကျမတို့ကို မချပေးတာ၊ မြင်းခြံထောင်ထဲက ရှေ့နေပေါ့။ ကြံ့ဖွံ့ရှေ့နေကိုငှားခိုင်းတယ်။ ထောင်ထဲခေါ်လာပြီး ဒီလူတွေကိုငှားပေါ့၊ နှစ်သိန်းကျတယ်လို့ပြောတော့ ခေါ်ပြီးတော အကုန်လုံးကို ငှားခိုင်းတယ်၊ တယောက်မှမငှားဘူး။ မျိုးဟန်၊ ဒေါက်တာဝင့်သူ၊ ဝေဖြိုးရယ်က ခံပြီးပြောတော့ သူတို့ကို ဆက်မစစ်ဘဲနဲ့ ကျန်တဲ့သူတွေ အတင်းစစ်ပြီး အတင်းချဘို့လုပ်နေတယ်။ ဒီပြဿနာတက်နေလို့ စီရင်ချက်ချမရဘဲနဲ့ မြင်းခြံကကြားပြီးတော့ ကျောက်ပန်းတောင်းတို့၊ ပုဂံညောင်ဦးတို့ သူတို့နောက်ကို သိပ်မလိုက်တဲ့ သူတွေကို အတင်းချတော့မယ်။"

မြင်းခြံမြို့က ဦးပဥ္စင်းဦးနန္ဒဝံသရဲ့ နှမတော် ဆရာလေးတပါးလည်း သူ့အစ်ကိုတော်အတွက် အိုးဘိုထောင်ကို ဒီနေ့ရောက်ရှိပြီး တရားခွင်နားထောင်ခွင့်ရမလားဆိုပြီး ရောက်ရှိနေပါတယ်။ အဲဒီ ဆရာလေးက သူတို့ကို ဘာမှအကြောင်းမကြားဘူးလို့ ပြောပါတယ်။

"ဒီအတွင်းထဲတင် ပေးဝင်တယ်၊ အရင်တခေါက်က မဝင်ရဘူး၊ အမှုကတော့ ဘာအမှုရယ်လို့ မပြောသေးဘူး။ ၇ မှုလို့တော့ပြောတယ်။ အခုက ကျောက်ပန်းတောင်းက လူတွေစစ်နေတယ်။"

တရားစွဲခံရသူတွေအတွက် ရှေ့နေ ဦးမြင့်သွင်၊ ဦးရွှေလှ၊ ဦးမျိုးဆွေနဲ့ ဦးကျော်စိုးလင်းတို့လိုက်ပါဆောင်ရွက်ဖို့ မိသားစုတွေက အာဏာပိုင်တွေဆီ တင်ပြပေမယ့် ၂ ဦးပဲ ခွင့်ပြုချက်ရတယ်လို့ ကိုမျိုးဟန်ရဲ့အစ်မက ပြောပါတယ်။

"ဦးမြင့်သွင်ရယ် သူတို့တပည့်လေး ကျော်စိုးလင်းရယ် ၂ ယောက်ပဲ လက်ခံတယ်၊ ဦးရွှေလှနဲ့ဦးမျိုးဆွေကို အလိုက်မခံဘူး၊ သူတို့ထွက်အလာကို ဒီထောင်ထဲကနေ ၄ နာရီလောက် အထိစောင့်ရဦးမယ်။"

အခု တရားရင်ဆိုင်နေရသူတွေဟာ လူမှုရေးလုပ်ငန်းတွေ တက်တက်ကြွကြွဆောင်ရွက်နေကြသူတွေဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးလှုပ်ရှားနေသူလည်း ဖြစ်ပါတယ်။

# အကျဉ်းသားလွတ်ရေး ဗြိတိန်လှုံ့ဆော်

**DVB | ဒီဇင်ဘာ ၁၄ ॥** ॥ ဗြိတိန်နိုင်ငံခြားရေးဌာန FCO ရဲ့ မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးလှုံ့ဆော်လှုပ်ရှားမှုကို သက်ဆိုင်သူ နိုင်ငံရေးအကျဉ်းသား မိသားစုတွေက သူတို့အတွက် အားတခုအဖြစ် လှိုက်လှိုက်လှဲလှဲကြိုဆိုလိုက်ပါတယ်။

ပထမဆုံး ဘူးသီးတောင်ထောင်မှာ အကျဉ်းကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်ရဲ့ဇနီးမ မခင်မိမိကြွယ်က နိုင်ငံရေးအကျဉ်းသားတွေကို မေ့သလိုဖြစ်နေတဲ့အချိန်မှာ ဗြိတိန်အစိုးရရဲ့လှုပ်ရှားမှုဟာ မျှော်လင့်ချက်တခု ဖြစ်လာပါစေတယ်လို့ အခုလို ပြောပြပါတယ်။

"ဒီလိုမျိုး ရပ်တည်ပေးတယ်ဆိုတော့ လူတွေကမမေ့တော့ဘူးပေါ့၊ အမရယ်၊ အခုဆိုရင် မေ့ချင်နေသလို ဖြစ်နေတာပေါ့၊ အခြေအနေအရကြောင့်လေ၊ အဲလိုမျိုးဆိုရင်တော့ ကျမတို့အတွက် မျှော်လင့်ချက်ရှိသေးတာပေါ့၊ အစတုန်းကတော့ အကို့ အတွက်က မျှော်လင့်ချက်က တော်တော်ဝေးနေတာပေ့ါ အမရယ်၊ အခုလိုကျတော့ ဝမ်းတော့ဝမ်းသာတာပေါ့နော်၊ ကိုယ့်တွက်မျှော်လင့်ချက်ရောင်ခြည်လေးတခု တော့ရတာပေါ့။"

ကလေးမြို့ထောင်မှာ အကျဉ်းကျခံနေရတဲ့ သံဃာလှုပ်ရှားမှုခေါင်းဆောင် အရှင်ဂမ္ဘီရရဲ့မိခင် ဒေါ်ရေးကတော့ နိုင်ငံတကာက မြန်မာ့နိုင်ငံရေးအကျဉ်းသားတွေကို ပစ်မထားဘူးဆိုတာ သိရလို့ ဝမ်းသာတဲ့အကြောင်း အခုလို ပြောပါတယ်။

"အခုလို အစိုးရကိုယ်တိုင်လုပ်တယ်ဆိုတော့ ထူးထူးခြားခြား ဖြစ်စဉ်တခုရယ် နောက်ပိုပြီး အကျိုးသက်ရောက်မှု ရှိလိမ့်မယ်လို့ထင်တယ်၊ အန်တီက ကျေးဇူးတင်ပါတယ်၊ အန်တီတို့က မလုပ်နိုင်ဘူးလေ၊ သူတို့က တကယ်တန်းနေရင်လည်း နေလို့ရတဲ့ကိစ္စကြီးကို အခုလိုလုပ်ပေးတာ ကျေးဇူးတင်တယ်၊ အန်တီကတော့ သားက ၆၈ နှစ်ကြီး ကျတယ်ဆိုတော့ အဲလိုလေးတွေ လုပ်ပေးရင်တော့ မြန်မြန်ဆန်ဆန်လွတ်လာလိမ့်မယ်လို့ မျှော်လင့်တယ်။ "

# ညီညီအောင်ကျန်းမာရေး မိသားစုစိုးရိမ်

**DVB | ဒီဇင်ဘာ ၁၄ ॥** ॥ အင်းစိန်ထောင်ထဲမှာ အစာတော်ခံဆန္ဒပြနေတဲ့ အမေရိကန်နိုင်ငံသား ကိုညီညီအောင် (ခေါ်) ကိုကျော်ဇော်လွင်ရဲ့ကျန်းမာရေးအတွက် မိသားစုကစိုးရိမ်နေပါတယ်။

ပြီးခဲ့တဲ့ တနင်္လာ ထောင်ဝင်စာတွေ့စဉ်က အစာတော်ခံဆန္ဒပြနေတယ်လို့ အဒေါ်ဖြစ်သူကို ပြောလိုက်ပြီးကတည်းက ထောင်ဝင်စာထပ်တွေ့လည်းမရ၊ ရုံးချိန်းရက်မှာလည်း ရုံးမထုတ်တာကြောင့် မိသားစုကစိုးရိမ်နေတာပါ။ အင်းစိန်ထောင်မှာ ဒီနေ့ထောင်ဝင်စာ သွားတွေ့တော့လည်း တွေ့ခွင့်မရဘဲ အာဏာပိုင်တွေကလည်း အခြေနေကို ရှင်းမပြလို့ တူဖြစ်သူရဲ့ ကျန်းမာရေးအတွက် အထူးစိုးရိမ်တယ်လို့ ကိုညီညီအောင်ရဲ့အဒေါ် ဒေါ်စုစုကြည်က ပြောပါတယ်။

"ပါဆယ်ပေးတော့ ထောင်ပိုင်တဦးကိုမေးတယ်၊ ဖုန်းဆက်ပြီးတော့ မေးတယ်၊ အစာတော်ခံ ဆန္ဒပြလုပ်တာ ထွက်ပြီလား၊ ပြီးပြီလား ကိုညီညီအောင် စားသောက်ဖို့ကို ဘယ်လို ပို့ရမလဲ၊ အဖတ်ပို့ရမှာလား၊ အရည်ပဲ ပို့ရမှာလားမေးတော့ အဲဒါ သူတို့ မသိပါဘူးပဲ ပြောပါတယ်။"

ပြီးခဲ့တဲ့ သောကြာနေ့ ကိုညီညီအောင်ရဲ့ ရုံးချိန်းတုန်းက ကျန်းမာရေးကြောင့် ရုံးချိန်းဖျက်လိုက်ရပါတယ်။ ကိုညီညီအောင် အစာတော်ခံဆန္ဒပြနေတာ ဒီနေ့ပါဆိုရင် ၉ ရက်ရှိနိုင်တယ်လို့ သူ့ရဲ့ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"နောက်ဆုံးတွေ့တုန်းက သူက အားလုံးကောင်းတယ်။ ဒါပေမဲ့ တွေ့ပြီးတဲ့နောက်တရက်နှစ်ရက်ကစပြီး အစာတော်ခံဆန္ဒပြလုပ်တယ်ဆိုပြီးတော့ သူ့အဒေါ်တွေက ပြောပါတယ်။ အဲဒါကြောင့် နည်းနည်းစိုးရိမ်တယ်၊ ကျနော်တို့ အနေနဲ့ ထောင်မှာကိုညီညီအောင်နဲ့တွေ့ခွင့်ပေးဖို့ ကြာသပတေးနေ့လောက် စာတင်မလို့ မှန်းပါတယ်။"

ကိုညီညီအောင်ကို ပြီးခဲ့တဲ့ စက်တင်ဘာ ၃ ရက် ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာပါ။ အစိုးရက ကိုညီညီအောင်ကို ဖောက်ခွဲရေး၊ ဆူပူမှုဖြစ်အောင်ဖန်တီးမှုတွေ ကျူးလွန်တယ်လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့ပါတယ်။ လက်ရှိမှာတော့ ကိုညီညီအောင်ကို နိုင်ငံခြားငွေကိုင်ဆောင်မှု၊ မှတ်ပုံတင် အတုလုပ်မှု၊ လိမ်လည်မှုတွေနဲ့ တရားစွဲဆိုထားပါတယ်။ သူ့အမှုနဲ့ ပတ်သက်ပြီး တရားလိုပြသက်သေတွေကို စတင်စစ်ဆေးနေပြီလို့ သိရပါတယ်။

# တောင်သူများ၏ဘဝမြှင့်တင်ရေး အကောင်အထည်ဖော်ရန် နအဖအပေါ် မူတည်

**DVB | ဒီဇင်ဘာ ၁၇ ။** ။ မြန်မာ တောင်သူလယ်သမားတွေရဲ့ဘဝကို မြှင့်တင်ပေးဖို့ စီးပွားရေးနိုဘယ်ဆုရှင် ဒေါက်တာဂျိုးဇက် စတစ်(ဂ်)လစ်(ဇ်)ရဲ့ တိုက်တွန်းအကြံပေးချက်ကို ကြိုဆိုပေမယ့် လက်တွေ့အကောင်အထည်ဖော်ဖို့က စစ်အစိုးရအပေါ်မှာပဲ မူတည်တယ်လို့ လယ်သမားတွေကို အကူအညီပေးနေသူတွေက ပြောပါတယ်။

နေပြည်တော်မှာ ဒီလ ၁၆ ရက်က ကျင်းပတဲ့ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲရေးညီလာခံမှာ နိုဘယ်လ်ဆုရ စီးပွားရေးပညာရှင် ဒေါက်တာဂျိုးဇက်စတစ်(ဂ်)လစ်(ဇ်)ရဲ့ တိုက်တွန်းပြောကြားချက်နဲ့ပတ်သက်လို့ ပြောကြတာပါ။ ဒေါက်တာစတစ်(ဂ်)လစ်(ဇ်)ရဲ့တိုက်တွန်းချက်မှာ လယ်ယာစိုက်ပျိုးရေးအတွက် ဘဏ္ဍာငွေပိုသုံးဖို့၊ မျိုးစေ့နဲ့ဓာတ်မြေဩဇာ လုံလောက်အောင် ဆောင်ရွက်ပေးဖို့၊ ကျန်းမာရေး၊ ပညာရေးမြှင့်တင်ပေးဖို့၊ ကျေးလက်မှာ ဝင်ငွေကောင်းတဲ့ အလုပ်တွေရအောင်ဖန်တီးပေးဖို့ စတာတွေပါဝင်ပါတယ်၊ အင်မတန်ကောင်းမွန်တဲ့ တိုက်တွန်းအကြံပေးမှုဖြစ်ပေမယ့် လယ်ယာမြေ ဥပဒေကို ပြင်ဆင်ပေးဖို့ လိုတယ်လို့ လယ်မြေအသိမ်းခံရတဲ့ အောင်လံက လယ်သမားတွေအတွက် အိုင်အယ်လ်အို (နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်)ကို တိုင်ကြားကူညီပေးနေသူတဦးက ပြောပါတယ်။

“ဟောင်းနွမ်းဆွေးမြည့်နေတဲ့ လယ်ယာမြေ ဥပဒေကြောင့် အဓမ္မအလုပ်ခိုင်းစေမှုတွေ ပေါ်ပေါက်နေရတာ အကြောင်းရင်းတခုပဲ၊ လယ်ယာမြေကို နိုင်ငံတော်က ပိုင်တယ်ဆိုပြီးတော့ အချိန်မရွေး သူတို့ခိုင်းတာကို မလုပ်ဘူးဆိုရင် ချက်ချင်းလုပ်စားပိုင်ခွင့်တွေ ရုပ်သိမ်းခံ့တဲ့ကိစ္စတွေက တောင်သူလယ်သမားတွေအတွက် ဘယ်လိုမှ အကျိုးမဖြစ်ထွန်းနိုင်ဘူး။ အဲဒီ လယ်ယာမြေ ဥပဒေကြောင့်လည်း အဓမ္မလုပ်အားပေးခိုင်းစေမှုတွေ ဆက်လက်နေတာလို့ ကျနော်တို့ယူဆတယ်။”

လယ်သမားတွေ လယ်ပိုင်ဆိုင်နိုင်ဖို့၊ လွတ်လပ်စွာ သီးနှံစိုက်ပျိုးခွင့်ရရှိဖို့လိုအပ်ချက်တွေ ပံ့ပိုးဖြည့်ဆည်းနိုင်မယ့် ဥပဒေတွေကို ပြဋ္ဌာန်းပေးဖို့လိုတယ်လို့ အဲ့ဒီပုဂ္ဂိုလ်က ဆိုပါတယ်။ ဒီနှစ်ထဲမှာပဲ မကွေးတိုင်း အောင်လံမြို့နယ်က လယ်သမား ၂၀ လောက်ဟာ လယ်ယာမြေအသိမ်းခံရတဲ့အပြင် အာဏာပိုင်တွေရဲ့ တရားစွဲမှုကြောင့် အများဆုံး ၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ခံရပါတယ်။ တိုင်းနဲ့ပြည်နယ်အသီးသီးမှာ တောင်သူတွေရဲ့လယ်ယာမြေတွေကို စစ်တပ်က သိမ်းယူတာတွေရှိနေပါတယ်၊ ပဲခူးတိုင်း အရှေ့ခြမ်း ဒိုက်ဦး၊ ကဝ၊ ဝေါ၊ သရက်ပင်၊ ညောင်လေးပင်၊ ရွှေကျင်စတဲ့မြို့နယ်တွေမှာ အများဆုံးတွေ့ရပြီး၊ လယ်မလုပ်တဲ့ တပ်မ ၇၇၊ ၁၀၅၊ ၁၀၁ လက်အောက်ခံ တပ်တွေက တောင်သူတွေ နှစ်ပေါင်းများစွာ စိုက်ပျိုးလာလုပ်လာတဲ့ လယ်ယာတွေကို တပ်ပိုင်လယ်ယာအဖြစ် သိမ်းယူထားတယ်လို့ ပဲခူးကရှေ့နေဦးအေးမြင့်က ပြောပါတယ်။ ဒါဟာ မှားယွင်းတဲ့ စစ်အစိုးရရဲ့လယ်ယာမြေဥပဒေကြောင့် ဖြစ်ရတာလို့ ဦးအေးမြင့်ကထောက်ပြပါတယ်။

“လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေအရ ၁၉၆၅ ခုနှစ် တောင်သူလယ်သမားကာကွယ်တဲ့ အခွင့်အရေးကလည်း ဒုက္ခပေးထားတယ်။ နောက်တခုက တရားရုံးမှာ တရားစွဲလို့မရတဲ့ အချက်ကများတယ်။ မြေစာရင်းက သူ့ဟာသူစစ်တယ်။ သက်သေ သူစစ်ချင်တဲ့သူစစ်တယ်။ ရှေ့နေ ရှေ့ရပ်နဲ့ ဥပဒေတတ်ကျွမ်းနားလည်တဲ့သူ မပါဘဲနဲ့လယ်ယာမြေအမှုအခင်း စစ်ဆေးတဲ့ ကဏ္ဍကြီးများနေတဲ့အတွက် အဲဒါကို ပြင်မှသာလျှင် တိုင်းပြည်တိုးတက်မှာပါ။”

” တိုင်းပြည်မှာ အလုပ်သမား၊ လယ်သမား ဒုက္ခရောက်အောင် လုပ်တာသည် အကျင့်ပျက်ဝန်ထမ်းဖြစ်တဲ့မြေစာရင်းဌာန၊ လယ်လိုချင်တဲ့ လောဘသဏ္ဍာရရှိတဲ့လယ်သမား၊ ကျေးရွာဘူဇွာ လယ်သမားတွေ၊ ဒါမှမဟုတ် ဌာနဆိုင်ရာမှာရှိတဲ့လူတွေက လိုချင်ရင် မြေစာရင်းဥပဒေနဲ့ကိုင်ပြီး လယ်သမားကို မရရအောင်သိမ်းတယ်။ လယ်သမားက မဝတတိုင်တယ်၊ မဝတနဲ့မြေစာရင်း ပေါင်းသွားတော့ လယ်သမားတွေချည်း လယ်ယာမြေအမှုဖြစ်တိုင်း ၁၀၀ မှာ ၉၀ ကရှုံးတယ်။”

တောင်သူလယ်သမားတွေကို နည်းအမျိုးမျိုးနဲ့ခေါင်းပုံဖြတ် အမြတ်ထုတ်နေတဲ့ အကျင့်ပျက်လာဘ်စားတဲ့ အစိုးရဝန်ထမ်းတွေကို ထိရောက်စွာအရေးယူပေးရမယ်လို့လည်း ဦးအေးမြင့်က ပြောပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၅၃ ခုနှစ် လယ်ယာမြေပိုင်ဆိုင်ခွင့် ဦးပိုင်မြေ ၁၉၆၅ ခုနှစ် တောင်သူလယ်သမားကာကွယ်ရေးဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး စသည်ဖြင့် ပြဋ္ဌာန်းထားပြီး၊ ဒီဥပဒေတွေကို အကျင့်ပျက်လာဘ်စားတဲ့ ဝန်ထမ်းတွေနဲ့ စစ်တပ်တို့က လိုသလို ဆွဲယူအသုံးချနေတာလို့ ဦးအေးမြင့်က ပြောပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အုပ်ချုပ်ရေးစနစ်ပြောင်းမှ ဖြစ်နိုင်မယ်လို့ လယ်သ မားတွေဘက်က ကူညီနေသူတဦးက မှတ်ချက်ပေးပါတယ်။“စစ်မှန်တဲ့ဒီမိုကရေစီ ထွန်းကားလာမယ်ဆိုရင် တရားဥပဒေရဲ့ အကာအကွယ်ကို ပြည်သူ အားလုံးရော၊ တောင်သူလယ်သမားတွေအားလုံးရော ခံစားခွင့်ရကြမယ်လို့ ကျနော်ယုံကြည်တယ်။”

# ဆည်ရေကြိုလွှတ်လိုက်လို့ ပဲစိုက်တောင်သူများ ပျက်စီး နစ်နာဆုံးရှုံး

**DVB | ဒီဇင်ဘာ ၁၇ ။** ။ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်မှာ ဆည်ရေကြိုလွှတ်လိုက်တာကြောင့် စိုက်ပျိုးပြီးခါစ ပဲတွေပျက်စီးပြီး ပဲစိုက်တောင်သူတချို့ အခက်ကြုံနေပါတယ်။

ပဲခူးတိုင်းက ပိုင်းနားဆည်ရဲ့ ရေတံတခါးတခုဖြစ်တဲ့ လှည်းပိုင်း ရေတံခါးကို ဒီဇင်ဘာ ၁၆ ရက်က စတင်ပြီး ရေလွှတ်လိုက်တာကြောင့် ဆည်ရေသောက်ဧရိယာတွေအထဲပါဝင်တဲ့ ဒိုက်ဦးမြို့နယ် ဖျက်ကြီးကျေးရွာအုပ်စုက ပဲစိုက်တောင်သူတွေအခက်ကြုံနေကြတာပါ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ရာသီအလိုက် မိုးစပါး၊ ပဲနဲ့နွေစပါးကို စီမံကိန်းနဲ့စိုက်ဖို့ တောင်သူတွေကို ညွှန်ကြားထားပါတယ်။ ဒီညွှန်ကြားချက်ကြောင့် တောင်သူတွေ ကာလတို သီးနှံဖြစ်တဲ့ ပဲတွေ စတင်စိုက်ပျိုးနေချိန်မှာ ဆည်မြောင်းဌာနက နွေစပါးအတွက် ရေကြိုလွှတ်လိုက်တာလို့ ဖျက်ကြီးကျေးရွာအုပ်စုက တောင်သူတဦးက ပြောပါတယ်။

“နိုင်ငံတော်ကနေ ကျနော်တို့ လယ်သမားတွေကို ပဲပြီးမှ စပါးစိုက်ရမယ်ဆိုပြီးတော့ အစည်းအဝေးလုပ်တယ်။ အခု ပဲလည်းကြဲပြီး အညွန့်ကလေးတွေလည်း ထွက်ရော ရေလွှတ်လိုက်တယ်။ ပဲ မျိုးတတင်းကို ၄၀,၀၀၀ ကျော် ဝယ်စိုက်ရတာဆိုတော့ ကျနော်တို့ လယ်သမားတွေမှာ တောင်းစရာခွက်တောင်မရှိတော့ဘူး။”

မြန်မာပြည်ရဲ့ စိုက်ပျိုးရာသီတွေမှာတော့ မိုးစပါးကို သီတင်းကျွတ်လ (စက်တင်ဘာ၊ အောက်တိုဘာ)မှာ ရိတ်သိမ်းလေ့ရှိသလို တန်ဆောင်မုန်းနဲ့နတ်တော်လ (နိုဝင်ဘာ၊ ဒီဇင်ဘာ) တွေမှာပဲစိုက်ပျိုးပြီး တပေါင်းလ (ဖေဖော်ဝါရီ၊ မတ်) မှာ ရိတ်သိမ်းလေ့ရှိပါတယ်။ တပေါင်းလနဲ့ တန်ခူးလတွေမှာမှ နွေစပါးစပြီးစိုက်ပျိုးလေ့ရှိတယ်လို့ တောင်သူတွေက ပြောပါတယ်။ ပဲ စတင်စိုက်ပျိုးချိန်မှာ နွေစပါးအတွက် ရေကိုကြိုလွှတ်တာကြောင့် စိုက်ထားတဲ့ပဲတွေ ပျက်စီးကုန်ပြီလို့တောင်သူနောက်တဦးက ပြောပါတယ်။

“ပဲက အခုမှ အပင်ပေါက်ခါစပဲ ရှိသေးတယ်။ နောက်စပါးအတွက် ရေလွှတ်တော့ ကျနော်တို့ ပဲလည်းဆုံးရှုံးမှာပဲ။ အဲဒီတော့ စပါးလည်း ပြန်စိုက်နိုင်မှာမဟုတ်တော့ဘူး။ ရှိတဲ့စပါးလေးတွေကလည်း ရိက်ပုတ် ရောင်းချပြီး ပဲမျိုးစေ့ဝယ်ကြရပါတယ်။ မတ်ပဲဆိုရင် တတင်းကို ၄၀,၀၀၀၊ ပဲတီစိမ်းဆိုရင် တတင်းကို ၄၈,၀၀၀ ဝယ်ကျဲရပါတယ်။ အခု ကျနော်တို့ ရှေ့လဆိုရင် ဘဏ်အကြွေးတွေက တောင်းတော့မယ်။ ကျနော်တို့ ဒီပဲတွေ ပျက်စီးကုန်တော့ ဘယ်လိုမှ ဆပ်စရာ မျှော်လင့်ချက်မရှိတော့ပါဘူး။”

ကာလတိုသီနှံ ပဲစိုက်ပျိုးရာသီမှာ နွေစပါးအတွက် ရေလွှတ်လိုက်တာနဲ့ ပတ်သက်ပြီး ပိုင်းနားဆည် တာဝန်ရှိပုဂ္ဂိုလ်တွေကို ဆက်သွယ်မေးမြန်းလို့ မရပါဘူး။ ဒီလို ဆည်ရေကြိုလွှတ်မှုတွေဟာ လွန်ခဲ့တဲ့ ရက်ပိုင်းကလည်း ပဲခူးတိုင်း သာယာဝတီမြို့နယ် အရှေ့ခြမ်း ကျေးရွာတချို့မှာ ဖြစ်ခဲ့ပါတယ်။

# နိုဘယ်ဆုရ စီးပွားရေးပညာရှင် နေပြည်တော်ရောက်ရှိ တာဝန်ရှိသူများနဲ့တွေ့ဆုံ

**DVB၊ ဒီဇင်ဘာ ၁၄ ။** ။ နိုဘယ်ဆုရစီးပွားရေးပညာရှင် ဒေါက်တာဂျိုးဇက် စတစ်လစ်ဟာ နေပြည်တော်ကို မနေ့ကရောက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပါတယ်။

ဒေါက်တာဂျိုးဇက် စတစ်လစ်ဟာ အမျိုးသားစီမံကိန်းနှင့်စီး ပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအပါအဝင် တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ဆုံမှုနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ အာရှနဲ့ပစိဖိတ်ဆိုင်ရာ စီးပွားရေးနဲ့လူမှုရေးကော်မရှင် (အက်စကက်) ကတော့ သတင်းမထုတ်ပြန်သေးပါဘူး။ ဒီခရီးစဉ်မှာ ဒေါက်တာစတစ်လစ်ဟာ ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့လည်း ဆွေးနွေးပွဲတွေ လုပ်ဖို့ရှိတယ်လို့ သိရကြောင်းကို နိုင်ငံတကာစီးပွားရေးသတင်း အယ်ဒီတာချုပ် ခင်မောင်ညို(ဘောဂဗေဒ)က ပြောပါတယ်။

“မြန်မာပညာရှင်တွေ၊ တခြား ဂျပန်၊ ဩစတြေးလျားတို့ အခြားပညာရှင်တွေပါ ပါမယ်။ အဲဒါက နေပြည်တော်မှာ လုပ်မယ့်ဟာပေါ့။ ဘယ်သူဖြစ်ဖြစ်တက်လို့ရတဲ့ ပုံစံမပေါ်ဘူး၊ အိုးပင်းဖိုရမ် မဟုတ်ဘူး။ ဌာနတွေမှာရှိတဲ့ ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ၊ သူတို့ပါမှာပဲ များပါတယ်။ ပြီးရင် အပူပိုင်းဇုန်ကို သွားမယ်လို့ ပြောတယ်။ အပူပိုင်းဇုန်ဆိုတော့ ဒီကျေးလက်ဒေသမှာ ကိုယ်တွေ့တွေ့မှာပေ့ါ၊ ကိုယ်တွေ့ မြင်မှာပေ့ါ။”

ဒေါက်တာစတစ်လစ်ရဲ့ခရီးစဉ်ဟာ နအဖအစိုးရရဲ့ စီးပွားရေးဆိုင်ရာမူဝါဒတွေနဲ့ မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှုတွေတိုက်ဖျက်ရေးတွေအပေါ် လတ်တလောမှာ အကျိုးသက်ရောက်မှုမရှိနိုင်ဘူးလို့ ဆရာခင်မောင်ညိုက သုံးသပ်ပါတယ်။

“ရွေးကောက်ပွဲလည်း နီးတဲ့အချိန်ဆိုတော့၊ တကယ်လို့ လုပ်ချင်ကိုင်ချင်တယ်၊ လုပ်နိုင်ကိုင်နိုင်တယ်ဆိုရင်တောင်မှ လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေကသိပ်မရှိတော့ဘူးလေ။ ဟိုဘက်ကျမှ နိုင်ငံရေးအခင်းအကျင်းအပြောင်းအလဲ၊ စီးပွားရေးအခင်းအကျင်း အပြောင်းအလဲ အဲဒီနှစ်ခု တွဲသွားမလားမပြောတတ်ဘူး။ ရေတိုမှာတော့ သိပ်ပြီးတော့ သိသိသာသာပြောင်းလဲမယ်လို့ မထင်ပါဘူး။”

ဒေါက်တာဂျိုးဇက်စတစ်လစ်ဟာ ၂၀၀၁ ခုနှစ်မှာ စီးပွားရေးနိုဘယ်ဆုကိုရရှိခဲ့ပြီး ကမ္ဘာ့ဘဏ်စီးပွားရေးဌာနအကြီးအကဲတာဝန် ထမ်းဆောင်ခဲ့သူပါ။ ကိုလံဘီယာတက္ကသိုလ်မှာ စီးပွားရေးပါမောက္ခအဖြစ် ဆောင်ရွက်နေပါတယ်။ စီးပွားရေးပညာရှင်တချို့က မြန်မာပြည်ကို လာရောက်လေ့လာပြီး စစ်တမ်းပြုစု၊ အကြံပေးတာတာတွေ ရှိခဲ့ဖူးပေမယ့် မြန်မာစစ်အစိုးရရဲ့ စီးပွားရေးမူဝါဒတွေကိုတော့ ထိထိရောက်ရောက် ပြောင်းလဲနိုင်စွမ်းမရှိခဲ့ကြပါဘူး။

# စက်မှုဇုန်တွင် အလုပ်သမားများ လုပ်အားခတိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆို

**NEJ၊ ဒီဇင်ဘာ ၁၇ ။** ။ လှိုင်သာယာမြို့နယ် စက်မှုဇုန် ၃ ရှိ Weng Hong Hung အထည်ချုပ်စက်ရုံနဲ့ ဆန်နီဖိနပ်စက်ရုံတို့မှာ အလုပ်သမားများ လုပ်အားခတိုးမြှင့်တောင်းဆိုမှုများဖြစ်ပွားနေကြောင်း လှိုင်သာယာမြို့နယ် အလုပ်ရုံနဲ့အလုပ်သမားဥပဒေ စစ်ဆေးရေးဌာနမှ ပြောခွင့်က ပြောပါတယ်။

အဲဒီလို တောင်းဆိုမှုများကို ဆန်နီဖိနပ်စက်ရုံက ပြီးခဲ့တဲ့ ၃ ရက်က စတင်ခဲ့တာဖြစ်ပြီး ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို စက်မှုဇုန်စီမံခန့်ခွဲရေး၊ ပြည်ထဲရေးနဲ့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတို့က ဆောင်ရွက်နေကြောင်း အဲဒီပြောခွင့်ရ ပြောပါတယ်။ ဒီကနေ့မှာ Weng Hong Hung အထည်ချုပ်စက်ရုံမှ အလုပ်သမားများက မနက် ၈ နာရီမှစတင်ကာ လုပ်အားခတိုးမြှင့်တောင်းဆိုမှုများကို ဆက်လက်ပြုလုပ်နေကြတယ်လို့ လှိုင်သာယာစက်မှုဇုန်မှ မြို့နယ်အုပ်ချုပ်ရေးအရာရှိတဦးက ခေတ်ပြိုင်ကို အခုလိုပြောပါတယ်။

“အလုပ်သမားတွေက လစာကို အဓိကတောင်းဆိုကြတာ၊ ဆန်နီဖိနပ်စက်ရုံနဲ့ Weng Hong Hung အထည်ချုပ်စက်ရုံတွေမှာဖြစ်တာပါ။ သူတို့တောင်းတဲ့လုပ်အားခကို အလုပ်ရှင်က ပေးနိုင်မယ်မထင်ဘူး၊ စက်ရုံကို ပိတ်ရမယ့်အခြေအနေတောင် ဖြစ်နိုင်တယ်”။

အလုပ်သမားများရဲ့ လစာနဲ့တောင်းဆိုချက်အတိအကျကို ထုတ်ဖော်မပြောဆိုသော်လည်း လုပ်အားခအတွက် တောင်းဆိုခြင်းဖြစ်တယ်လို့ အဲဒီအုပ်ချုပ်ရေးအရာရှိကပြောပါတယ်။ ဒီကနေ့ အထည်ချုပ်စက်ရုံမှာ ၃ ရက်မြောက်တောင်းဆိုကြတဲ့ အလုပ်သမားအရေအတွက်ဟာ ၁၈၀၀ ခန့်ရှိပြီး နောက်ထပ်စက်ရုံများမှာလည်း အလားတူဖြစ်ရပ်မျိုးတွေ ပေါ်ပေါက်လာနိုင်ကြောင်း စက်မှုဇုန်မှ တာဝန်ရှိသူများက အခုလိုပြောပါတယ်။

“လူတွေက ထောင်နဲ့ချီပြီး တောင်းဆိုကြတာ၊ လူထုကကြီးတဲ့အတွက် ပြည်ထဲရေးက လုံခြုံရေးတွေလာတယ်၊ ဒါပေမယ့် အလုပ်သမားတွေကို ဖမ်းဆီးတာမရှိဘူး၊ တောင်းဆိုတာပဲဖြစ်တဲ့အတွက်ပါ”။

အလုပ်သမားများသည် ဒီနေ့မနက် အလုပ်ဆင်းချိန်မှာ တစုတည်းဖြစ်နေကြပြီး စက်ရုံတွင်းကို မဝင်ခင် ဂိတ်ပေါက်မှာ စုရုံးတောင်းဆိုကြတာဖြစ်ပါတယ်။ လူအုပ်များလို့ အနည်းငယ်ရုတ်ရုတ်သဲသဲဖြစ်နေပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက အလုပ်သမားများနဲ့ညှိနှိုင်းနေကြကြောင်း စက်မှုဇုန်တာဝန်ရှိသူက ပြေပါတယ်။

လှိုင်သာယာစက်မှုဇုန်မှာ စက်ရုံ အလုပ်ရုံပေါင်း ၈၀၀ ကျော်ရှိပြီး၊ ၅၀၀ ခန့်မှာ လုပ်ငန်းလည်ပတ်လျက်ရှိပါတယ်။ သို့သော် ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်ကမှ လုပ်ငန်းများမကောင်းလို့ အထည်ချုပ်စက်ရုံအပါအဝင် အချို့စက်ရုံများ လုပ်ငန်းရပ်နားခဲ့ရပါတယ်။ မနှစ်ကလည်း ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် စက်ရုံများပိုမိုအခက်အခဲတွေ့ခဲ့ရကြောင်း အဆိုပါ တာဝန်ရှိသူတွေက ပြောပါတယ်။ အဲဒီစက်မှုဇုန်မှာ စက်ရုံများကို မှီတင်းလုပ်ကိုင်စားသောက်နေကြတဲ့ အလုပ်သမားပေါင်း ၅ သောင်းကျော်ရှိပြီး၊ အများစုမှာ နယ်မှလာရောက်လုပ်ကိုင်သူများဖြစ်ကြောင်း၊ လုပ်အားခမှာလည်း စက်ရုံ တရုံနဲ့တရုံမတူညီကြောင်းလည်း သိရှိရပါတယ်။

# ကိုကိုကြီး ၄၈ နှစ်မြောက်မွေးနေ့ ဒါနပြု

**DVB၊ ဒီဇင်ဘာ ၁၈ ။** ။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုကိုကြီးရဲ့ ၄၈ နှစ်မြောက်မွေးနေ့ကို ရည်စူးပြီး သူ့ညီက အကျဉ်းရုံးပြီး အလှူဒါနပြုလုပ်ပါတယ်။

ရှမ်းပြည်နယ် မိုင်းဆတ်ထောင်မှာ ထောင်ဒဏ် ၆၅ နှစ်ကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးအတွက် သူ့ညီ ကိုအောင်အောင်ထွန်းက သံဃာတော် ၅ ပါးကို ဒီနေ့မနက် အရုဏ်ဆွမ်းကပ်လှူတယ်လို့ ပြောပါတယ်။ လအတန်ကြာကတည်းက ကိုကိုကြီးဆီကို ငွေနဲ့ အစားအသောက် စတာတွေပဲ ပို့ဖြစ်ပြီး လူကိုယ်တိုင်မသွားဖြစ်ဘူးလို့ ကိုအောင်အောင်ထွန်းက ပြောပါတယ်။

ကိုကိုကြီးရဲ့ ကျန်းမာရေးအခြေအနေက ပုံမှန်ပါပဲလို့လည်း ပြောပါတယ်။ ရှစ်လေးလုံး သမိုင်းဝင်လူထုအုံကြွမှုမှာ ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ မင်းကိုနိုင်၊ မိုးသီးဇွန်တို့လိုပဲ ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုကိုကြီးဟာ အာဏာပိုင်တွေက ပထမအကြိမ် ထောင်ဒဏ် နှစ် ၂၀ ချမှတ် ပြီး ၁၃ နှစ်အကြာမှာ ထောက်လှမ်းရေးအဖွဲ့ရဲ့မှားယွင်းမှုကြောင့် ပြစ်ဒဏ်ချမှတ်မိတယ်ဆိုပြီး ပြန်လွှတ်လာပါတယ်။

အဲဒီနောက် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးအဖြစ် လှုပ်ရှားဆောင်ရွက်နေရာက အစိုးရက ၂၀၀၇ နှစ်လယ်ပိုင်းမှာ တခြားကျောင်းသားခေါင်းဆောင်တွေနဲ့တပြိုင်တည်း သူ့ကို ဖမ်းဆီးတရားစွဲ၊ နှစ်ရှည် ထောင်ဒဏ်ချပြီး မိသားစုနဲ့ဝေးတဲ့ထောင်မှာ အကျဉ်းချထားတာပါ။ ကိုကိုကြီးမှာ ညီအစ်ကိုနှစ်ဦးပဲရှိပြီး မိဘနှစ်ပါးစလုံး ကွယ်လွန်ပြီးဖြစ်ပါတယ်။

# ပြည့်တန်ဆာအလုပ်နှင့် အသက်မွေးဝမ်းကြောင်းပြုသူ ပိုမိုများပြားလာ

**DVB | ဒီဇင်ဘာ ၁၅ ။** ။ ရန်ကုန်မြို့တွင် မြို့နယ်အချို့မှာ ပြည့်တန်ဆာအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း ပြုသူတွေ ပိုမိုများပြားလာလျှက်ရှိပါတယ်။ မာဆက်–အနှိပ်ခန်းလို့ ခေါင်းစဉ်တပ်ထားတဲ့ ဖိမ်ခန်းတွေနဲ့ လူစည်ကားရာ နေရာတွေမှာ ဖောက်သည်ရှာလုပ်ကိုင်နေကြပါတယ်။

လူနေထူထပ်ရာ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော် စတဲ့ ရန်ကုန်မြို့တွင်း မြို့နယ်တွေမှာ မာဆက်–အနှိပ်ခန်းခေါင်းစဉ်တပ်ထားတဲ့ ဖိမ်ခန်းတွေ အရင်ကထက် ပိုမိုဖွင့်လှစ်လာကြတာပါ။ ဈေးနှုန်းတွေနဲ့ မာဆက် အများစုတည်ရှိနေတဲ့ နေရာတွေကို ရန်ကုန်မြို့ခံလူငယ်တဦးကို မေးကြည့်တဲ့ အခါမှာတော့ ခုလိုပြောပြပါတယ်။

“မာဆက်က ၃ ထောင် ပဲပေးရတယ်။ တချို့နေရာတွေမှာ ဈေးကြီးပြီး တချို့နေရာတွေကျတော့လည်း ၅ ထောင်၊ ၆ ထောင် တို့ပေးရပါတယ်။ မြို့ထဲမှာ နေရာတကာ အကုန်လုံးရှိတယ်။ ဘားလမ်း၊ ပန်းဆိုးတန်းတို့ အဲဒီဘက်မှာ အများဆုံးပဲ။ လသာ၊ ၂၁ လမ်း၊ ၂၂ လမ်းတို့ အဲဒါမျိုးရှိတယ်။”

အနှိပ်ခန်းတွေမှာ လာရောက် အလုပ်လုပ်ကိုင်သူအများစုဟာ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စတဲ့နယ်တွေက အများစုဖြစ်တယ်လို့လည်း သူကပြောပါတယ်။ အနှိပ်ခန်းတွေမှာ အလုပ်လုပ်ဖို့အတွက် အမျိုးသမီးငယ်တွေဟာ အိမ်ဖော်အလုပ်၊ စက်ရုံအလုပ်၊ စတဲ့အလုပ်တွေ လုပ်မယ်လို့ မိဘတွေကို ပြောကြပြီး လက်တွေ့မှာတော့ ပွဲစားတွေနဲ့ ဈေးညှိနှိုင်းပြီး လုပ်ခလစာ ခြောက်လစာ၊ တစ်နှစ်စာ စသဖြင့် မိသားစုတွေကိုပေးပြီး အနှိပ်ခန်းတွေမှာ အလုပ်လုပ်နေကြတာလို့ အေ့ချ်ရောဂါတိုက်ဖျက်ရေး လူမှုရေးလုပ်ငန်းလုပ်နေသူအချို့ကပြောပါတယ်။ အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်သူတွေဟာလည်း ရဲအပါအဝင်မယက၊ ယရက စတဲ့ ဒေသခံအာဏာပိုင်အဖွဲ့အစည်း အသီးသီးကို လာဘ်ငွေပေးပြီး ဖွင့်လှစ်လုပ်ကိုင်နေကြရပုံကိုလည်း အစိုးရဝန်ထမ်းတစ်ဦးက ခုလိုပြောပါတယ်။

“ဒါတွေက သူ့ဟာနဲ့သူတော့ သတ်မှတ်ကြေးလေးတွေတော့ ရှိတာပေ့ါ။ တချို့ကျတော့လည်း ပတ်သက်ရာ ပတ်သက်ကြောင်းတွေနဲ့ လုပ်ထားကြတော့လည်း ဘယ်သူမှအနှောင့်အယှက်မပေးကြပါဘူး။ အရာရှိ အသိုင်းအဝိုင်းက တယောက်ယောက် နာမည်ခံလိုက်၊ ပေါင်းထားလိုက်ရင် ပြီးသွားပါပြီ။ ဘယ်သူနဲ့မှ မပတ်သက်ရင်တော့ ပိုက်ဆံပေးပြီး လုပ်ရတာပေ့ါ။”

ပြည့်တန်ဆာအလုပ်နဲ့ အသက်မွေးဝမ်းကြောင်းပြုတာဟာ အရင်က အမျိုးသမီးတွေသာ အများစုဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ အမျိုးသားငယ်အချို့တောင် ဒီအလုပ်နဲ့အသက်မွေးဝမ်းကြောင်း ပြုတာတွေရှိလာနေပြီလို့ အေ့ချ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လူမှုရေးအဖွဲ့အစည်း တခုက အမျိုးသမီးတဦးက ပြောပါတယ်။

“ဟိုတုန်းကဆို ကောင်မလေးတွေများတယ်၊ ကောင်လေးတွေဆို မြင်ဖို့ခဲယဉ်းတယ်လေ၊ ကောင်လေး Sex Worker ဆိုလို့ရှိရင် တအားသနားဖို့ကောင်းတယ်၊ တံတားပေါ်မှာ ကောင်လေးတွေလည်း ပေါ်လာပြီ၊ သူတို့ရဲ့ အဆက်အသွယ်တွေကလည်းအများကြီးဖြစ်နေပြီ။ ဒါပေမယ့် များသောအားဖြင့် အခြောက်မတွေလာခေါ်တာပဲများတယ်။ အခုလောလောဆယ် ဂုံးတံတားတွေပေါ်မှာရှိတယ်၊ သူတို့မြေအောက်အိမ်သာခန်းတွေမှာပေ့ါ၊ အဲဒီလို နေရာမျိုးမှာ ရှိနေတတ်တယ်။”

ပြည်တန်ဆာအလုပ်နဲ့ အသက်မွေးဝမ်းကြောင်းပြုသူတွေကို ရဲက ဖမ်းဆီးအရေးယူလေ့ရှိပေမယ့်လည်း ဆတိုးပွားများနေရပုံကိုလည်း သူက ဆက်ပြောပါတယ်။ “ဖမ်းတာတွေလည်း ရှိနေတယ်၊ တယောက်ဖမ်းရင် နှစ်ယောက်ပေါ်လာတာပဲ၊ တချို့ဆိုရင် အမက အဖမ်းခံထိလို့အထဲရောက်သွားရင် ညီမဖြစ်သူက ပြန်လုပ်ကျွေးနေတယ်။ ပြီးတဲ့အခါ အောက်ကရှိတဲ့ ညီမတွေကလည်း အမလုပ်နေမှန်းသိတဲ့အခါကျတော့ ဒီလမ်းကြောင်းကိုပဲလိုက်ပြီး ပိုက်ဆံရှာ သူ့အမကိုလည်းပို့ အိမ်ကလူတွေကိုလည်း ဖြေရှင်းပေးပေ့ါ။ ဒါတွေက အရင်က တကယ်ရှိနေခဲ့ပါတယ်။ အခုဆိုရင်လည်း ဒီဟာမျိုးတွေကို ဖြေရှင်းရမယ့် လမ်းကြောင်းတွေက ကလေးတွေကို သင်စရာမလို တော့ဘူးပေ့ါ၊ အဲလိုဖြစ်နေကြတယ်။”

အမျိုးသမီးငယ်တွေရော အမျိုးသားငယ်တွေပါ ပြည့်တန်ဆာအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း ပြုလာကြတာဟာ တိုင်းပြည်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အထွေထွေအကျပ်အတည်းတွေရဲ့ ဘေးထွက် ဆိုးကျိုးတရပ်ဖြစ်တယ်လို့လည်း အေအိုင်ဒီအက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လူမှုရေးအဖွဲ့အစည်းတခုက အမျိုးသမီးကပဲ အခုလို သုံးသပ်ပြောဆိုပါတယ်။

“အဲဒါ အလုပ်မရှိတာလည်းပါတယ်၊ ကုန်ဈေးနှုန်းတွေက မြင့်လာတယ်၊ မြင့်လာတဲ့ အခါကျတော့ သူတို့မှာ ဝင်ငွေလည်း ပုံမှန်ရှိမနေတော့ ရရာအလုပ်တွေကိုလုပ်နေကြရတယ်။ အဓိက ပုံမှန်ဝင်ငွေလေးတွေရှိမယ်ဆိုရင် စက်ရုံမှာ လုပ်တဲ့ကလေးတွေဆို တလမှ လေးသောင်း ငါးသောင်းရတာ၊ ဘယ်လိုမှ မဖူလုံနိုင်ပါဘူး။”

အခြားအစိုးရအရာရှိကြီးတဦးကတော့ လက်ရှိအစိုးရအနေနဲ့ ဒီကိစ္စရပ်တွေအပေါ် မသိကျိုးကျွန်ပြုထားတယ်လို့ပြောပါတယ်။

“ဒီအစိုးရပိုင်းကတော့ အခွင့်အလမ်းမရှိဘူး၊ ဆေးထိုးပေးတာလည်း မရှိဘူး၊ သူတို့ မှတ်ပုံတင်ကဒ်ပြားလုပ်ပေးတာလည်း မရှိဘူး၊ သူတို့က ပြည့်တန်ဆာလည်းမရှိဘူးဆိုတဲ့ ပုံစံမျိုးပြောချင်တာပေ့ါ၊ အခုများများသေသွားရင် နဲနဲပြောရတာ နားအေးမယ်၊ ဒီလိုပဲ စဉ်းစားမှာပဲ။”

အစိုးရအရာရှိကြီးတဦး ပြောကြားသွားတာပါ။ ကုလသမဂ္ဂ အေအိုင်ဒီအက်စ်ကာကွယ်တိုက်ဖျက်ရေးရုံး ယူအန်အေ့စ်အဖွဲ့က ထုတ်ပြန်တဲ့ ၂၀၀၈ အစီရင်ခံစာထဲမှာတော့ မြန်မာပြည်က ပြည့်တန်ဆာတွေနဲ့လိင်တူချင်းဆက်ဆံသူတွေအပေါ် စစ်တမ်းကောက်ယူနိုင်ခြင်းမရှိသေးလို့ အိပ်ချ်အိုင်ဗွီရောဂါနဲ့ ပတ်သက်ပြီး ပညာပေးမှုတွေလည်း မြန်မာနိုင်ငံမှာ အထူးလို အပ်နေသေးတယ်လို့ ဖော်ပြထားပါတယ်။

---

# ထိုင်းမြန်မာ ဂိတ် ၄ ခု ထပ်ဖွင့်မည်

**DVB | ဒီဇင်ဘာ ၁၆ ။** ။ မြန်မာနယ်စပ်မှာ ကုန်သွယ်ရေးဂိတ် ၄ ခု ထပ်ဖွင့်မယ်လို့ ထိုင်းအစိုးရက ကြေညာပါတယ်။

၂၀၁၀ နှစ်ဆန်းမှာ စတင်ဖွင့်လှစ်မယ်လို့ ယူဆရတဲ့ အဲဒီဂိတ်သစ် ၄ ခုကတော့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့နဲ့ ဆက်နေတဲ့ ကန်ချနပူရီခရိုင်က ဘုရားသုံးဆူဂိတ်နဲ့ ဘန်နန်းခေါင်ဂိတ်၊ တနင်္သာရီတိုင်းနဲ့ဆက်နေတဲ့ ပရာကျွတ်ခရိုင်က ဒန်စင်ခွန်ဂိတ်နဲ့ ကယားပြည်နယ်နဲ့ဆက်နေတဲ့ မယ်ဟောင်ဆောင်ခရိုင်က ဟွေတွန်နန်းဂိတ်တို့ပဲလို့ ထိုင်း ကုန်သွယ်ရေးဝန်ကြီးဌာန ဒုဝန်ကြီးက နေရှင်းသတင်းစာကို ပြောပါတယ်။

ဒီဂိတ်သစ် ၄ ခုကနေ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို တိုးမြှင့်စေမယ်လို့ ထိုင်းကုန်သွယ်ရေး ဒုဝန်ကြီးက ပြောပါတယ်။ ဒီဂိတ် ၄ ခုထဲက ဘုရားသုံးဆူဟာ အရင်ကတည်းက ဖွင့်ထားနှင့်ပြီးသားနယ်စပ်ဂိတ်ဖြစ်ပေမယ့် ၂၀၀၇ ခုနှစ်တုန်းက အဲဒီဒေသအတွင်း လက်နက်ကိုင်ပြန်ပေးဆွဲမှု ဖြစ်ပွားတဲ့အတွက် ယာယီပိတ်ထားခဲ့တာပါ။

လက်ရှိဖွင့်ထားတဲ့ ထိုင်း–မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်း ၃ ခုကတော့ ရနောင်း–ကော့သောင်း၊ မဲဆောက်–မြဝတီဂိတ်နဲ့ မယ်ဆိုင်–တာချီလိတ်ဂိတ်တို့ဖြစ်ပါတယ်။ မဲဆောက်–မြဝတီ ဂိတ်တခုတည်းကတင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၈ သန်း အကျိုးအမြတ်ရရှိနေတယ်လို့ တပ်ခ်ခရိုင်ကုန်သည်ကြီးများအသင်းရဲ့ စာရင်းတွေအရ သိရကြောင်း ထိုင်းသတင်းစာတွေမှာ ဖော်ပြထားပါတယ်။

# ဘိုကလေးမြို့က ဈေးသည် ၁၅၀ ကျော် လမ်းလျှောက်ပြီး ဆန္ဒထုတ်ဖော်

**DVB၊ ဒီဇင်ဘာ ၁၄။** ။ ဘိုကလေးမြို့အာဏာပိုင်တွေက မြို့လယ်ကောင် လမ်းဘေးဈေးသည် တွေအနက် ဈေးသည်အမျိုးသမီးချည်း ၁၅၀ ခန့်ဟာ ဈေးမပြောင်းရွှေ့ရရေးအတွက် စနစ်တကျ စီတန်းလမ်းလျှောက်ခဲ့ပါတယ်။

တောင်းဆိုချက်ကို အပြည့်အဝမရပေမယ့် ရဲက အထိုက်အလျောက် လိုက်လျောပြီး လူစုခွဲခဲ့ပါတယ်။ ဘိုကလေးမြို့နယ် မယကနဲ့ စည်ပင်သာယာတို့ ပူးတွဲစီစဉ်တဲ့ မြို့လယ်လမ်းဘေး ဈေးသည်တွေ မြို့စွန်ထုတ်တဲ့စီမံချက်ကို ရုတ် သိမ်းဖို့ ဈေးသည်အမျိုးသမီး ၁၅၀ ကျော်ခန့်ဟာ ၃ ယောက်တတွဲ စီတန်းပြီး စည်ပင်သာယာရုံးနဲ့ မယကရုံးဆီကို စီတန်းလမ်းလျှောက်ကြပါတယ်။ ဘိုကလေး မြို့နယ်ရဲမှူးက လမ်းမှာတားဆီးပြီး အထိုက်အလျောက် လိုက်လျောလို့ လူစုခွဲခဲ့ ပါတယ်။ မနေ့မနက် ဆယ်နာရီမှာ ဆန္ဒထုတ်ဖော် စီတန်းလမ်းလျှောက်ကြတာ ဖြစ်ပြီး ရဲက တားဆီးပုံကို မျက်မြင်တဦးက ခုလိုပြောပါတယ်။

"၁၅ ရက်နေ့ကို မပြောင်းရင် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက် ပါမယ်လို့ အော်တဲ့အခါကျတော့ မနေ့က ၁၀ နာရီထိုးတဲ့အချိန်မှာ ဈေးသည် အမျိုးသမီးကြီး အယောက် ၁၅၀ လောက်ကနေပြီးမှ ၃ ယောက်စီတန်းပြီးတော့ ကွပ်ကဲရေးရုံးကို ချီတက်ကြတယ်။ ချီတက်ပြီးတော့ ကွပ်ကဲရေးရုံးကို ရောက်တော့ လူကြီးမရှိဘူးဆိုပြီး လမ်းကို ရဲအဖွဲ့ကနေပြီး ပိတ်ထားလိုက်တယ်။ မယကရုံးကို ပြန်ချီတက်လာတဲ့အခါကျတော့ သူတို့က ပိတ်ဆို့ထားပြီး စခန်းမှူးနဲ့မြို့နယ်မှူးက နေပြီးတော့ ဘယ်လိုကြောင့် ဒီလိုချီတက်ရတာလဲ မေးတယ်။ ဈေးသည်တ ယောက်က ပြောတယ်၊ ကျမတို့ဆန္ဒပြတာလည်းမဟုတ်ဘူး၊ လက်ရှိရောင်းချ နေ တဲ့နေရာလေး မပျောက်အောင်လို့ ဒီမှာရောင်းဖို့အတွက်ကို ဒီမှာလာပြီး အသ နားခံတာပါလို့ သူကပြောတယ်။ မြို့နယ်မှူးကနေပြီး ဒီကိစ္စနဲ့ပတ်သက်လို့ လက်ရှိလည်း လူကြီးတွေမရှိဘူး၊ ပြန်ကြပေါ့၊ နောက်ပိုင်း သူတို့အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ၁၅ ရက်နေ့က တည်ဆဲဥပဒေအရ အော်ထားတဲ့အတိုင်းလည်း မဖမ်းဆီးပါဘူး။ ဆက်ရောင်းနေပါဆိုပြီး အကြောင်းကြားတယ်။ မြို့နယ်မှူးက ကြည့်လုပ်ပေးပါမယ်ဆိုတဲ့ကိစ္စကြောင့် သူတို့လူစုခွဲပြီး ပြန်လာကြတယ်။"

ဈေးသည်အမျိုးသမီးတဦးက သူတို့ဘာကြောင့် လမ်းလျှောက်ဆန္ဒထုတ် ဖော်လဲဆိုတာ ခုလိုပြောပါတယ်။

"အဆင်မပြေဘူးဆိုတာက သူတို့လုပ်ပေးထားတဲ့နေရာ ချောင်ကျတယ်၊ ကမ်းနားစပ်ကြီးနားမှာ ရေကာလည်းရှိတယ်၊ အိမ်တွေကလည်းရှိတယ်၊ အဲတော့ မစင်တွေကလည်းရှိတယ်၊ မိုးတွင်းဘက်မှာဆို ရေက ဒူးတဝက်လောက်ရှိတယ်၊ ဘယ်လိုမှရောင်းလို့မရဘူး၊ အဲနေရာမှာ သွားရောင်းပါဆိုတော့ ဘယ်လိုလုပ် သွားရောင်းမလဲ။"

ဒီလမ်းလျှောက်မှု ဖြစ်ပွားပုံအစက အခုလ ဆယ်ရက်နေ့မှာ မယက စည်ပင်ပူးတွဲအဖွဲ့က သတ်မှတ်နေရာကို ၁၅ ရက်နေ့ နောက်ဆုံးထားအပြီး ပြောင်းဖို့ အသံချဲ့စက်နဲ့အော်ပြီးတဲ့နောက် ဈေးသည်တွေဘက်က တုန့်ပြန်ချက် ဖြစ်ပါတယ်။ မနေ့က ဆန္ဒထုတ်ဖော်ပွဲဟာ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး ပြီးတဲ့နောက် ပထမဆုံးပေါ်ပေါက်တဲ့လမ်းလျှောက် စီတန်းပွဲဖြစ်ပါတယ်။ ဈေး သည်တဦးကတော့ မနေ့က လမ်းလျှောက်ပွဲဟာ ဆန္ဒပြတာလို့မမှတ်ယူဘဲ အသ နားခံတာဖြစ်တယ်လို့ ခုလိုပြောပြပါတယ်။

"ကျမတို့က ၁၅ ရက်ကနေ ၁၈ ရက်အထိ နောင်လာမယ့် ရက်တွေမှာ လည်း ဒီနေရာမှာပဲ ရောင်းချင်ပါတယ်။ ဒါကြောင့်မို့ ဒီကိုလာပြီး အသနားခံ တာပါတဲ့၊ ရဲမှူးကလည်း ဒါကတော့ အားလုံးညှိနှိုင်းပြီး ကောင်းအောင်ဆောင် ရွက်ပေးပါ့မယ်တဲ့ အကောင်းဆုံးဖြစ်စေရပါမယ်တဲ့။"

သူတို့ရဲ့ မြို့လည် လမ်းဘေးဝဲယာက ဈေးတွေကို မြို့စွန် ရေကန်နားကို ရွှေ့ခိုင်းနေတာ လွန်ခဲ့တဲ့ နိုဝင်ဘာ ၂၅ ရက် ကတည်းကဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၅၊ ၂၈၊ ၃၀ နဲ့ ဒီလဆန်း ၁ ရက်တို့မှာ မြို့စွန်က ရေကန်နဘေး သတ်မှတ်ထားတဲ့နေရာကို ပြောင်းရွှေ့ဖို့ ၄ ကြိမ်တိုင်တိုင် အမိန့်ပေးပေမယ့် ငြင်းဆန်ခဲ့ကြပြီး ဈေးရောင်းကောင်းမယ့်နေရာတခု စီစဉ်ပေးဖို့ မီဒီယာတွေကနေ ဈေးသည်တွေက ထုတ်ပြောကြပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဘိုကလေးမြို့မယက တာဝန်ရှိသူတွေကို ဆက်သွယ်ပေမယ့် မရပါဘူး။ မယက ရုံးတာဝန်ကျတဦး အခု လိုပြောသွားပါတယ်။

"မသိဘူးဗျ မရှိဘူးဗျ၊ ကျနော်တို့ မနေ့က ကျနော်ခရီးထွက်သွားလို့၊ လောလောဆယ် တော့ သူ့အလုပ်နဲ့သူ ရှုပ်နေတာ။"

ဈေးပြောင်းရွှေ့ရေးစီမံချက်ကြောင့် ဈေးသည်တထောင်လောက်ရဲ့ မိသားစုတွေ ဘဝတွေကို ထိခိုက်နေကြပြီး အပြင်ကနေ ငွေတိုးနဲ့ချေးငှားရောင်းချ တဲ့ဈေးသည်တွေ ချေးငွေပြန် မဆပ်နိုင်ဘဲ အခက်ကြုံနေကြပါတယ်။

# ပဲခူး ရွှေသာလျောင်းဘုရားပွဲမှာ သံဃာတော်နှင့် ရဲများ အဓိကရုဏ်းဖြစ်

**DVB၊ ဒီဇင်ဘာ ၁၄။** ။ ပဲခူးမြို့ရွှေသာလျောင်းဘုရားပွဲအတွင်း တနင်္ဂနွေ နေ့မနက်ပိုင်းက အာဏာပိုင်တွေနဲ့ရဟန်းပျိုတွေအကြား အဓိကရုဏ်းဖြစ်ပွား ခဲ့ပါတယ်။ တနင်္ဂနွေ မနက်အစော ၂ နာရီလောက်မှာ ရဲကနေ ဇာတ်စင်ပေါ်တက် တဲ့ ရဟန်းပျိုတပါးကို ဖမ်းဆီးရာကနေ အခင်းစတင်ဖြစ်ပွားတယ်လို့ မျက်မြင် တယောက်က ပြောပါတယ်။

"သံဃာတော်တွေဆိုတော့ ဘုရားသားတော်တွေဆိုတော့ ဘုရားပွဲလာ တယ်ပေါ့။ သံဃာတပါးကို သူက အထဲမှာဆုချတယ်၊ ဆုချရပါ့မလားဆိုပြီး ရဲ လုံခြုံရေးက ဖမ်းတယ်တဲ့၊ ပြန်လွှတ်ပေးဖို့ သံဃာတွေကပိုင်းပြီးတော့ တောင်းဆို တာပေါ့။ အဲဒီမှာတင် သံဃာအုပ်စုတွေက ဘုန်းကြီးဖမ်းရမလားဆိုပြီး အကုန် လုံးရိုက်ကြတယ်။" အဲဒီအချိန်မှာပဲ ပွဲခင်းထဲမှာရှိနေတဲ့ တခြားသံဃာ အပါး ၆၀ လောက်က လိုက် သွားပြီး ဖမ်းသွားတဲ့ရဟန်းပျိုကို ပြန်လွှတ်ဖို့ တောင်းဆိုရာကနေ ရုံးတွေကို ရိုက်ချိုးဖျက်ဆီးကြတယ်လို့လည်း တခြားမျက်မြင်တဦးကပြောပါတယ်။

"သံဃာပျိုတွေ ၅၀ ကျော် ၆၀ လောက် ဆူဆူညံညံနဲ့ ထွက်လာပြီး ရဲကိုတွေ့ရင် ရိုက်လို့အော်လာကြပါတယ်။ အော်လာပြီးတော့ ရယကရုံးမှာရှိတဲ့ ဆိုင်းဘုတ်တွေ ကြံ့ခိုင်ဆိုင်းဘုတ်၊ ရယကဆိုင်းဘုတ်၊ ရုံးတို့ကို ဖျက်ပြစ်ပေါ့။ ပွဲရုံထောင့်မှာ ရဲလုံခြုံရေးဂိတ်တခု ထားထားတယ် အဲဒီ ဂိတ်ကိုလည်း သူတို့ရိုက် တာပေါ့။ မေးကြည့်တော့ ဘာဖြစ်လဲဘုရားလို့ ဆိုတဲ့အခါကျတော့ သူတို့ထဲက သံဃာတပါးကို ရဲနဲ့ ရယက ကရုံးခေါ်ပြီး ဖမ်းသွားလို့ပြောပါတယ်။"

ပဲခူးအမှတ် ၂ ရဲစခန်းက အခင်းဖြစ်တယ်ဆိုတာ အတည်ပြုပေမယ့် အသေးစိတ်ပြောဖို့ တာဝန်ကျ ဒုရဲအုပ်တဦးက အခုလိုငြင်းဆိုသွားပါတယ်။

"ဖြစ်တာတော့ မှန်တော့မှန်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တာဝန်မှူး၊ စခန်းမှူးတွေက ခရိုင်မှူးကြီးနဲ့ အစည်းအဝေးလုပ်ဖို့ သွားကြတယ်။ လျှို့ဝှက်ဖြစ်နေတော့ သူတို့ရဲ့ ခွင့်ပြုချက်ရယူပြီးမှ ကျနော်ပြောလို့ရမှာပါ။"

အဖမ်းခံရတဲ့ သံဃာတော်ဟာ ဘယ်ကျောင်းတိုက်ကလည်းဆိုတာကို စုံစမ်းလို့ မရသေးပါဘူး။ ဘုရားပွဲအနီးတဝိုက်မှာ ကျောင်းတိုက်တွေ အများကြီး ရှိနေသလို နယ်သံဃာတွေလည်း စာမေးပွဲဖြေဖို့ မြို့ပေါ်ရောက်နေတယ်လို့ မြို့ခံတွေက ပြောပါတယ်။ အာဏာပိုင်တွေက အခင်းဖြစ်ပွားတဲ့ အချိန်ကစပြီး ပွဲကို ပိတ်ထားခဲ့ပေမယ့် ဒီနေ့မှာတော့ ပွဲကျင်းပခွင့် တပတ်ထပ်မံ ခွင့်ပြုတယ်လို့ ဒေသ ခံတဦးက ပြောပါတယ်။ သံဃာတော်တွေရဲ့ အခြေအနေနဲ့ပတ်သက်ပြီး သူက အခုလို ဆက်ပြောပါတယ်။

"မနေ့က ပွဲမိန့်က ပိတ်တယ်လေ။ ဒီနေ့မှ ပွဲမိန့် ပြန်ဖွင့်တယ်ဆိုတော့ သံဃာတွေ စုရုံးစုရုံးနဲ့ အသံတွေတော့ ထွက်နေတာပေါ့။ အခြေအနေကို မျှော် မှန်းလို့ မရသေးဘူးပေါ့။"

တချို့မြို့ခံတွေကတော့ ဒီကိစ္စမှာ အာဏာပိုင်ကိုယ်တိုင်နဲ့ တစုံတရာပတ် သက်မှုရှိ နေမလားဆိုပြီး သံသယရှိနေပါတယ်။ အာဏာပိုင်တွေဖက်ကလည်း အခုဖြစ်နေတဲ့ ကိစ္စကို သတင်းထုတ်ပြန်တာမရှိသေးပါဘူး။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 458 Dec 15, 2009
Due to ....
BECAUSE OF.....
BURMA ECONOMY...
mrBurma 09

# ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ရှေ့နေများ တွေ့ဆုံ ဆွေးနွေးညှိနှိုင်း

**DVB၊ ဒီဇင်ဘာ ၁၅။**  ။ နေအိမ်အကျယ်ချုပ်အမိန့် ချိုးဖောက်မှုနဲ့ အရေးယူထားမှုအတွက် ဗဟိုတရားရုံးကို အယူခံလျှောက်လဲရမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီနေ့ တွေ့ဆုံညှိနှိုင်းခွင့်ရလိုက်တယ်လို့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

ဦးဉာဏ်ဝင်း၊ ဦးကြည်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်တို့ ရှေ့နေ ၄ ဦးစလုံး ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ထဲဝင်ခွင့်ရပြီး မွန်းလွဲ ၂ နာရီကနေ ၄ နာရီခွဲအထိ အယူခံကိစ္စ အဓိကဆွေးနွေးပြီး လာမယ့် ၂၁ ရက်မှာ တင်ပြရမယ့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်လဲချက်ကို ဒေါ်အောင်ဆန်းစုကြည်က အတည်ပြုပေးလိုက်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ရန်ကုန်တိုင်းတရားရုံးမှာ ချမှတ်ခဲ့တဲ့ အမိန့်နဲ့ပတ်သက်ရင် ပြစ်ဒဏ်က မပြောင်းဘူး။ ကျနော်တို့က အဲ့ဒီအပေါ်မှာ မကျေနပ်လို့ ပြင်ဆင်မှုတက်တယ်။ အဲဒီစီရင်ချက်ထဲမှာပါတဲ့ အချက်အလက်တချို့ကိုလည်း အစိုးရက မကျေနပ်လို့ ပြင်ဆင်မှုတက်တယ်လို့ ကျနော်နားလည်တယ်။ သူတို့ တင်တဲ့စာရွက်တော့ ကျနော်မတွေ့ရသေးဘူး။ အဲ့ဒါတွေသိရင် တရားဝင်ရတဲ့အခါကျရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ထပ်မံပြီး တွေ့ဆုံညှိနှိုင်းရမှာပါ။”

လာမယ့် ၂၁ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုအတွက်ရော ဒေါ်အောင်ဆန်းစုကြည်နဲ့အတူနေသူ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမတို့ သားအမိနှစ်ဦးအတွက်ရော အယူခံလျှောက်လဲချက်ပေးရမှာလို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ ဒီနေ့ တွေ့ဆုံရာမှာ ဒေါ်အောင်ဆန်းစုကြည်က အဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေ အတွင်းရေးမှူးဦးလွင်နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့ကို ဂါရဝပြုရေးကိစ္စနဲ့ ပတ်သက်လို့ ပြောပြလိုက်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“သူတို့သုံးဦးကို တပြိုင်နက်တည်း တနေရာမှာ ရက်ပိုင်းအတွင်း ဂါဝရပြုကန်တော့ဖို့ရှိတယ်လို့ ကျနော်သိရပါတယ်။ နေရာလည်း ကျနော်မသိပါဘူး၊ နေ့ရက်လည်း ကျနော်မသိပါဘူး။ ရက်ပိုင်းအတွင်း ဖြစ်လိမ့်မယ်လို့ သိရပါတယ်။”

ဒီလ ၉ ရက် နအဖဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့တွေ့ဆုံမှုဟာ ပါတီလူကြီး ၃ ဦးကို ဂါရဝပြုရေးပြောကြားတာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောပြလိုက်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ မနေ့ကတော့ ကျန်းမာရေးမကောင်းတဲ့ ပါတီခေါင်းဆောင် ၃ ဦးကို ဒေါ်အောင်ဆန်းစုကြည် ဂါရဝပြုနိုင်ရေးအတွက်စီစဉ်ပေးနေတယ်ဆိုတာကို ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီကိုယ်တိုင်ဦးအောင်ရွှေရဲ့နေအိမ်ကိုသွားရောက် အကြောင်းကြားပါတယ်၊ ဒါဟာဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို နိုဝင်ဘာ ၁၁ ရက်စွဲနဲ့ ပေးပို့ထားတဲ့စာထဲက တောင်းဆိုချက်တခုပါ။ နေအိမ်အကျယ်ချုပ် ကျနေတဲ့ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အားလုံးနဲ့ တွေ့ဆုံခွင့်ပြုရေး တောင်းဆိုထားတာကိုတော့ အာဏာပိုင်တွေက အကြောင်း မပြန်သေးဘူးလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို စတင်ပြုပြင်နေပြီလို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

“လေသာဆောင် အပေါ်ထပ်မှာ အုတ်တွေစီနေပါပြီ။ လေသာဆောင်ကို အခန်းလုပ်မှာကိုး။ လေသာဆောင်နဲ့ တဆက်တည်း အောက်မှာ ကော်ရစ်ဒါလို့ ခေါ် မလား။ အဲ့ဒီလိုမျိုး ကျယ်ကျယ်ဝန်းဝန်း လေသာဆောင် အောက်ရှိတယ်။ အဲ့ဒါတွေပါ အကုန်လုံးလုပ်ရမယ်။ အိမ်က ကြာပြီလေ။ အခုလို လုပ်လိုက်တော့ အမိုးကိုင်းတွေ ဖြုတ်တော့ အဲ့ဒီမှာကို ဆင့်တွေက လဲရမယ့်အခြေအနေဖြစ်နေတယ်။ တော်တော်ကြာကြာ လုပ်ရမယ့်သဘော ရှိနေတယ်။”

အိမ်ပြင်တဲ့ကိစ္စကို သခင်အုန်းမြင့်ရဲ့သား ကိုနီနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းထဲမှာ လုံခြုံရေးတာဝန်ယူခဲ့ဖူးတဲ့ အဖွဲ့ချုပ်ဝင် ကိုတင့်လွင်တို့က ကူညီဆောင်ရွက်နေတယ်လို့ပြောပါတယ်။ ဒီနေ့ တွေ့ဆုံရာမှာ မြန်မာနိုင်ငံမှာ ဆင်းရဲမှု လျော့ကျရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စတွေ ဆွေးနွေးဖို့အတွက် နိုဘယ်လ်ဆုရှင် စီးပွားရေးပညာရှင်တဦး ရောက်ရှိနေတဲ့အကြောင်း ပြောပြတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်က “ဒါဟာ အရေးကြီးတဲ့ကိစ္စဖြစ်တယ်” လို့ မှတ်ချက်ချကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com


၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER